# လောကပါလ

# ဥပဒေရေးရာစာစောင်



အမှတ်စဉ် – (၄၀)    ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ။



## မြန်မာနိုင်ငံရှေ့နေများကောင်စီ


BURMA LAWYERS' COUNCIL
P.O Box 144 Mae Sod, Tak, 63110 Thailand
Email: blcsan@ksc.th.com, Website: www.blc-burma.org

# လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် [ ၄၀ ]
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

## မြန်မာနိုင်ငံရှေ့နေများကောင်စီ


ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သန်းနိုင်ထွေး


ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand
E-mail : blcsan@ksc.th.com, Website: www.blc-burma.org

လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် ( ၄၀ )၊
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

**မာတိကာ** စာမျက်နှာ

(၁) ပြည်သူနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်

❖ လူထုနှင့် ဒေါ်အောင်ဆန်းစုကြည်အမေးအဖြေမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကောက်နှုတ်ချက်များ (အပိုင်း–၂) ၃

(၂) တရားဥပဒေစိုးမိုးရေး

❖ တရားဥပဒေနှင့် အစိုးရအကြောင်း ၁၀
❖ ဈေးကွက်စီးပွားရေးစနစ်အပေါ်တွင် အခြေခံပြီး တိုင်ပြည်စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုရှိစေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်း သင့်သည့် အနိမ့်ဆုံးစံပြဋ္ဌာန်းချက်များ ၁၅
❖ နိုင်ငံသားများ ၏ ဥပဒေရေးရာတာဝန် နှင့် အခွင့်အရေးများ ၁၈
❖ တားမြစ်စေ စာချွန်တော် ၂၄

(၃) ဥပဒေရေးရာသုံးသပ်ချက်

❖ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်မြန်မာနိုင်ငံဥပဒေလိုအပ်ချက်များ ၃၁
❖ အရေးမှားပြီး အယူအဆအမှားများ မပေးစေလို ၄၂
❖ ဓလေ့ထုံးတမ်းဥပဒေနှင့် ကရင်ရိုးရာလက်ချည်ပွဲ ၄၉
❖ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်မှ စတီမာရှယ်၏ ဖော်ပြချက်ကို သုံးသပ်ခြင်း ၅၃
❖ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေ ကို ဆန်းစစ်သုံးသပ်ချက် ၅၅
❖ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နိုင်ငံတော်သမ္မတအာဏာ ၅၉

# ပြည်သူနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်

## လူထုနှင့် ဒေါ်အောင်ဆန်းစုကြည် အမေးအဖြေမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကောက်နုတ်ချက်များ (အပိုင်း–၂)

ဗွီအိုအေသောတရှင်များက မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းထားချက်များအပေါ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဖြေကြားချက်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။

မေး။ ။ အန်တီခင်ဗျား၊ နိုင်ငံရေးသမားဟောင်းကြီးတွေ ပြောဖူးလို့ မှတ်သားဖူးပါတယ်၊ စာအုပ်တအုပ်လည်း ဖတ်ဖူးပါတယ်၊ နိုင်ငံရေးသမားတယောက် လိုက်နာရမယ့် ကျင့်ဝတ်၊ သီလ၊ သိသင့်သိထိုက်တဲ့ အချက်အလက်၊ ပါတီအပေါ်သစ္စာရှိခြင်း၊ တာဝန်သိခြင်း စသဖြင့်ပါ။ ကျွန်တော်မေးချင်တာက ပါတီဝင်တွေ အထူးလိုက်နာဖို့ စာအုပ်တအုပ်သော်လည်းကောင်း၊ အန်တီအနေနဲ့ နိုင်ငံရေးအခြေပြ မိန့်ခွန်းသော်လည်းကောင်း ပြောကြားဖို့ အစီအစဉ် ရှိ/မရှိ သိချင်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတာက ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့ နိုင်ငံရေး လုပ်ဆောင်နေသူတွေမှာ ပါတီရဲ့မူဝါဒကို သွေဖီတဲ့ အပြောအဆို အပြုအမူတွေ မြင်တွေ့နေရလို့ပါ။ ကျေးဇူးတင်ပါတယ်။ အန်တီစု ကျန်းမာချမ်းသာပါစေ။

ဖြေ။ ။ အန်တီတို့ NLD က အနှစ်နှစ်ဆယ်ကျော်အတွင်း နိုင်ငံရေးပါတီတခုလို လှုပ်ရှားလုပ်ပိုင်ခွင့် ပြည့်ပြည့်ဝဝ ရတဲ့အချိန်ဆိုတာ မရှိသလောက်ပါပဲ။ ဒါ့ကြောင့်လည်း နိုင်ငံရေးပါတီဆိုတာ သူ့စည်းမျဉ်း သူ့စည်းကမ်းတွေနဲ့ ရှိတယ်ဆိုတာကို တချို့က နားမလည်ကြတာပါ။ ပါတီရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ခဲ့တာတွေတော့ရှိပါတယ်။ သားပြောသလို အများသိစေနိုင်ဖို့ စည်းမျဉ်းစည်းကမ်းတွေစုပေါင်းပြီး ပြန်လည်ထုတ်ဖို့အကြံဟာ ကောင်းပါတယ်၊ လုပ်ဖြစ်မယ်ထင်ပါတယ်။ ဘယ်လိုလူမျိုးကို နိုင်ငံရေးသမားလို့ခေါ်ပြီး နိုင်ငံရေးလုပ်စားသူဆိုတာက ဘယ်လိုလူမျိုးပါလဲလို့ မေးထားသလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်ကို အပြည့်အစုံမဟုတ်ဘဲ ခေါ်ဆိုရေးသားနေကြတာတွေအပေါ် မောင်သီဟဆိုတဲ့ သောတရှင်က မေးထားပါတယ်။

မေး။ ။ နိုင်ငံရေးသမားဆိုတာကို အမေ ဘယ်လိုများ အဓိပ္ပာယ်ဖွင့်လိုပါသလဲ။ နိုင်ငံရေးလုပ်စားသူဆိုတာ ဘယ်လိုလူမျိုးကိုခေါ်ပါသလဲ။ နောက်တစ်ခုက ပြည်ပအခြေစိုက် အွန်လိုင်းမဂ္ဂဇင်းတစ်ခုက အမေ့သတင်းတွေနဲ့ ပတ်သက်၍သော်လည်းကောင်း၊ အမေ့ရဲ့ယုံကြည်ချက်လုပ်ဆောင်ချက်နဲ့သော်လည်းကောင်း၊ အမြဲလိုလို မထိခလုတ် ထိခလုတ် မသိမသာ မှားသလိုလိုနဲ့ အယ်ဒီတာ့အာဘော်ဆိုတာမျိုးလိုကနေ စောင့်ကြည့်နေသူများက အကဲခတ်များက ဆိုပြီး

တိတိကျကျမဟုတ်ဘဲ ဟိုလိုလို ဒီလိုလို အမြဲ ရေးတတ်ပါ တယ်။ သူတို့ပေါ်ပေါ်တင်တင်လည်း မလုပ်ရဲပါဘူး။ နောက်တစ်ခုက အဲဒီဝက်ဆိုက်ရဲ့ အင်္ဂလိပ်ပိုင်းမှာ အမေ့ နာမည်ကို SUU KYI ဆိုပြီး ရှေ့က ဘာနာမ်ပုဒ်မှမထည့်ဘဲ အမြဲရေးပါတယ်။ ထိုင်းက ယင်းလပ်ကိုတောင် မစ်စ်ယင်းလပ် လို့ခေါ်ဝေါ်တာကို သူတို့ဘာလို့ ဒီလိုရေးတာလဲဆိုတာ တကယ် နားမလည်မိပါ။ အဲဒီလိုလူမျိုးတွေလည်း ရှိနေသေးတယ်ဆိုတာ အမေသိစေချင်ပါတယ်။ သိရသလောက်က တော့ အဲဒီလူတွေက လမ်းပေါ်ထွက်ဖို့ အမြဲပြောတတ်သလို အမေ့ရဲ့နည်းဟာ နှစ်တွေကြာပြီး မထိရောက်ဘူးလို့လည်း ပြောပါတယ်။ အဲဒီ လိုလူမျိုး မြန်မာပြည်ပြန်လာပြီး ရှေ့ကထွက်ရင် နောက်က ရေဖူးကိုင်ပြီး လိုက်ချင်ပါတယ် အမေ။ ကျေးဇူးပြုပြီး အမေ့အမြင်ကို ဖြေကြားပေးပါ။

ဖြေ။ ။ နိုင်ငံရေးသမားဆိုတာကတော့ နိုင်ငံရေးအတွက် ဘဝကို မြှုပ်နှံသူလို့ပဲ တိုတိုပြော ရမှာပါပဲ။ အမေတို့ဘေးမှာဆိုရင် တသက်လုံး နိုင်ငံရေးကိုပဲ ဦးစားပေးလို့ ပစ္စည်းဥစ္စာ၊ ရာထူး၊ ဂုဏ်ရနိုင်တဲ့ အရည်အချင်းတွေရှိလျက်နဲ့ ဘာမှသိပ်မရှိရှာတဲ့ ဝါရင့်နိုင်ငံရေးသမားကြီးတွေ ရှိသလို အိမ်ထောင်မပြုနိုင်၊ ဝင်ငွေကောင်းမယ့်အလုပ် မရှာနိုင်နဲ့ နိုင်ငံရေးနယ်ပယ်ထဲမှာပဲ အမြဲလှုပ်ရှားနေတဲ့ လူငယ်လူလတ်တွေလည်းရှိပါတယ်။

နိုင်ငံရေးလုပ်စားတဲ့လူဆိုတာကတော့ အခွင့်အရေးသမားလို့ပဲ တိုတိုပြောပါရစေ။ နိုင်ငံရေးလုပ်ခြင်းအားဖြင့် ကိုယ့်အတွက် အကျိုးအမြတ်ရှာတဲ့ လူပဲဆိုပါတော့။ သားပြောတဲ့ ဝက်ဘ်ဆိုက်တ်လိုဟာမျိုးက ဒီကမ္ဘာကြီးမှာ မထူးဆန်းပါဘူး။ သိပ်မစိုးရိမ်ပါနဲ့။ သားတို့လိုပဲ အကဲဖြတ်တတ်တဲ့လူတွေလည်း အများကြီးရှိပါတယ်။

နယ်သွားမယ့်ခရီးတွေ အဆင်ပြေချောမွေ့ပါစေတဲ့ဆိုတဲ့ ဆုတောင်းစကားနဲ့အတူ ဖြေလို့ရမယ်၊ သိခွင့်ရှိတယ်ဆိုရင်ပေါ့ဆိုပြီး အမေရိကန်ရောက် ကိုထက်အောင်က တွေ့ဆုံဆွေး နွေးရေးဆိုတာအပေါ် သံသယအမြင်နဲ့ မေးမြန်းထားပါတယ်။

မေး။ ။ အန်န်အယ်လ်ဒီက အကြမ်းမဖက်ရေးလမ်းစဉ်ကို ကိုင်စွဲတယ်၊ ၂၀၀၈ ဖွဲ့စည်းပုံကို လက်မခံဘူး၊ တွေ့ဆုံဆွေးနွေးရေးကိုပဲ သွားမယ်၊ နောင်လာမယ့်ရွေးကောက်ပွဲကိုလည်း ပါဝင်ဖို့ အစီအစဉ်မရှိဘူး၊ နောက်ပြီး ကွန်ယက်အဖွဲ့တွေနဲ့လည်း ဆက်သွယ်ချိတ်ဆက်တယ်၊ ပါတီမှတ်ပုံ တင်ဖို့လည်း အစီအစဉ်မရှိဘူး၊ အခုနိုင်ငံရေးအခရီးစဉ်အဖြစ်လည်း သွားလာတော့မယ်၊ ပြည်သူ လူထုနဲ့လည်း ဆက်စပ်မှုတွေ လုပ်နေတယ်၊ ၁၉၉၀ ရွေးကောက်ပွဲတုန်းကဆိုရင် အခြေခံဥပဒေ တောင်မရှိဘူး၊ ဝင်ပြိုင်ခဲ့တယ်၊ ကျနော်တို့ ကိုယ်တိုင် မဲပေးခဲ့တယ်၊ အန်န်အယ်လ်ဒီ အောင်နိုင် ရေးလုပ်ခဲ့တယ်၊ အခုတော့ ဘာအတွက်ကို အားပေးရမှန်းမသိဖြစ်နေတယ်။

တွေ့ဆုံ ဆွေးနွေးရေးကို ကျနော့်အမြင် အစိုးရဘက်ကမလုပ်ပါဘူး။ အဲဒါကို အန် အယ်လ်ဒီနဲ့ အန်တီစု အသိဆုံးပါ။ ဘာဖြစ်လို့လည်းဆိုတော့ ဦးအောင်ကြည်နဲ့တွေ့ဆုံခဲ့တဲ့ ၉ ခါလုံးမှာ တိုင်းပြည်ကို နှစ်ဘက်လုံးက ဘာမှမပြောဘူးဆိုကတည်းက အဆင်မပြေလို့ဆိုတာ ရှင်းပါတယ်။ ကျနော်နားမလည်တာက အဲဒီလိုဆိုရင် ဘာများဆက်လုပ်မှာလည်းခင်ဗျာ၊

ကျနော်တို့က ဘာကို အားပေးရမှာလည်းဆိုတာကို ပြတ်ပြတ် သားသားသိချင်လို့ပါ။ ပြည်သူ တဦးအနေဖြင့် တိုင်းပြည်ရဲ့ အပြောင်းအလဲလုပ်မယ့်နေရာမှာ အန်နန်အယ်လ်ဒီနဲ့ အန်တီစုကို အဓိကအခန်းကနေ ပါဝင်စေချင်တဲ့သဘောဖြင့် မေးလိုက်ပါတယ်။

ဖြေ။ ။ ဆွေးနွေးပွဲဖြစ်တယ် မဖြစ်တယ်ဆိုတာက အဖြေပေါ်လာမှာပါ။ အလုပ်တခုကို တကယ်ဖြစ်မြောက်စေချင်တယ်ဆိုရင် နည်းအမျိုးမျိုးနဲ့ တစိုက်မတ်မတ် ကြိုးစားရပါလိမ့်မယ်။ နေးတယ် မြန်တယ်ဆိုတာက အခြေအနေပေါ်မှာတင်မကပါဘူး။ သုံးသပ်တဲ့ သူရဲ့အမြင်နဲ့ လည်းဆိုင်ပါတယ်။ အန်တီတို့ရဲ့ မူဝါဒ သဘောတရားတွေကို လေ့လာနေတယ်ဆိုရင် အဓိက ရည်ရွယ်ချက်က ပြည်သူတွေ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပြီး ကိုယ်လိုချင်တာ ကိုယ်ရယူနိုင်ဖို့ ကိုယ်တိုင်ကြိုးစားတဲ့ အလေ့အကျင့် ဖြစ်သွားဖို့ဆိုတာ သိရပါလိမ့်မယ်။

အန်တီတို့လည်း ကိုယ်ဖြစ်စေချင်တဲ့ကိစ္စကို ဖြစ်အောင် ကြိုးစားလုပ်သလို ကိုထက် အောင်တို့လည်းဖြစ်စေချင်တဲ့ အခြေအနေတွေ ပေါ်လာအောင်လို့ကြိုးစားပြီးတော့ လုပ်ကြည့် ကြပါ။ အမေရိကန်မှာ နေတယ်ဆိုတော့ လုပ်နိုင်တဲ့နည်းတွေ အခွင့်အရေးတွေ အများကြီးရှိမှာ ပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရဝန်ကြီး ဦးအောင်ကြည်တို့ ဩဂုတ်လ ၁၂ ရက်နေ့မှာ တွေ့ဆုံမယ်ဆိုတဲ့သတင်းတွေ ထွက်ခဲ့ပြီးချိန်မှာ မတွေ့ရခင်ကတည်းက တွေ့ဆုံပွဲအ ကြောင်း ပြောပြပေးဖို့ ပန်ကြားထားသူကတော့ ဦးထွန်းလှကြီးဆိုတဲ့ သောတရှင်ဖြစ်ပါတယ်။

မေး။ ။ ဩဂုတ်လ ၁၂ ရက်၊ သောကြာနေ့ကျရင် ဒေါ်စုတို့ ထပ်တွေ့ကြမယ်လို့ သတင်းတွေ မှာ တွေ့ရပါတယ်ခင်ဗျား။ ကျနော့်စာကို ဒေါ်စုဖတ်တဲ့အချိန်လောက်ကျရင် တွေ့ပြီးလောက်မယ် လို့ ထင်ပါတယ်။ သိပ်မကြာခင် အချိန်အတွင်း နှစ်ကြိမ်တွေ့ကြတယ်ဆိုတော့ ဝမ်းသာစရာပါပဲ။ ဒုတိယအကြိမ် တွေ့ဆုံပွဲအကြောင်း တတ်နိုင်သလောက် ရှင်းလင်းပြောပြပေးဖို့ ပန်ကြားပါတယ် ခင်ဗျား။ တွေ့ဆုံဆွေးနွေးပွဲတွေရဲ့ အောင်မြင်မှု၊ တိုးတက်မှုဆိုတာကို ဒေါ်စုအနေနဲ့ ဘယ်လို အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ထားပါသလဲခင်ဗျား။

ဖြေ။ ။ ၁၂ ရက်နေ့က ဦးအောင်ကြည်နဲ့ တွေ့ခဲ့ပါတယ်ဆိုတာကို ဦးထွန်းလှကြီးလည်း သိပြီးပြီထင်ပါတယ်။ နှစ်ဦးသဘောတူ ထုတ်ပြန်ကြေညာချက်ကိုလည်း ကြားရလောက်ပြီးပြီ ထင်ပါတယ်။ ကျမတို့ နိုင်ငံသူ နိုင်ငံသားတွေတင်မက ကမ္ဘာ့ဘတလွှားက မြန်မာနိုင်ငံကို စိတ်ဝင် စားသူအားလုံး မျှော်လင့်ချက်များစွာနဲ့ ဒီတွေ့ဆုံမှုတွေအကြောင်း သိချင်ကြတာ သဘာဝကျပါ တယ်။ အမြန်ဆုံးလည်း အများသိချင်တာတွေကို ပြောနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လောလော ဆယ် သိမ်မွေ့တဲ့အဆင့်မှာ ရှိနေသေးတော့ စိတ်ရှည်ရှည်နဲ့ စောင့်ပေးပါဦးလို့ မေတ္တာရပ်ခံပါ ရစေ။

မေး။ ။ ၂၀၁၂ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်ရေး မဖြစ်ရေးမှာ ဒေါ်အောင် ဆန်းစုကြည်ရဲ့သဘောထားနဲ့ လူထုအကျိုးပြုအဖွဲ့အစည်းတွေရဲ့သဘောထားကို ရယူမယ်ဆိုတဲ့

သဘောမျိုးအင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ပြောထားပါတယ်။ မြန်မာနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သင့်ပါပြီလား။ ဖြစ်သင့်မယ်ဆိုရင် ဘယ်လို အခြေအနေမျိုးမှာကြောင့် ဖြစ်သင့်တယ်လို့ မြင်ပါသလဲ၊ မဖြစ်သင့်ဘူး ဆိုရင်လည်း ဘယ်လိုအခြေအနေကြောင့်လဲ ဆိုတာ ရှင်းပြပေးပါ။

ဖြေ။ ။ကျမသိသလောက် မြန်မာနိုင်ငံကို ၂၀၁၄ မှာ အာဆီယံဥက္ကဋ္ဌဖြစ်ရေး မဖြစ်ရေးကို ဆွေးနွေးနေကြတာပါ။ ၂၀၁၂ မှာ မဟုတ်ပါဘူး။ ကျမ အမြင်ပြောရမယ်ဆိုရင် အာဆီယံဥက္ကဋ္ဌ နေရာကို တင့်တယ် ဝင့်ကြွားစွာနဲ့ ယူနိုင်ဖို့ဆိုရင် ပြည်တွင်းမှာ ပြည်သူပြည်သားတွေ နှစ်ထောင်း အားရ စေပြီးတော့ ပြည်ပ၊ ကမ္ဘာကလည်း လေးစား အသိအမှတ်ပြုမယ့် ပြုပြင်တိုးတက်မှုတွေ က အဓိက ကျပါတယ်။ အင်ဒိုနီးရှားကတော့ ဘယ်လိုအချက်တွေကို အခြေခံပြီး ဒီကိစ္စကို စူးစမ်းသုံးသပ်မယ်ဆိုတာကိုတော့ ကျမတို့ စောင့်ကြည့်ရမှာပေါ့။

မေး။ ။ ကျနော်တို့မူဆယ်မြို့တွင် ၁၉၄၂ ခုနှစ်ကတည်းက ဗလီ ဝတ်ကျောင်းတော်ရှိခဲ့ ပါတယ်။ ၁၉၉၀ ခုနှစ်တွင် အလုပ်ရှင်များ၏ အမွေဆိုင်ကိစ္စ ပေါ်လာသည့်အတွက် အဆိုပါဗလီတွင် ဝတ်ပြုခြင်းများကို ရပ်ဆိုင်းထားပြီးနောက် ၊ လူနေအိမ် နှစ်လုံး၌ ယာယီဝတ်ပြုဆောင်အဖြစ် ဝတ်ပြုခဲ့ ကြသည်မှာ နှစ်ပေါင်းကြာခဲ့ပါပြီ။ မူဆယ်မြို့တွင်တနှစ်ကျော်ကြာ အမှုထမ်းပြီးသော မြို့နယ်အုပ်ချုပ်ရေးမှူးမှ တရားဝင် ခွင့်ပြုချက်မရပဲ ဝတ်ပြုနေသည်ကို ယခုမှ သိရသည့်အတွက် ၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝတ်မပြုရန် ပိတ်ပင်ခဲ့ပါသည်။ ဥပုသ်ကာလ (၁)လအတွင်း ဝတ်ပြုခြင်းကို ပေးခဲ့ပါသည်။ ယခုဆိုလျှင် ဥပုသ်ကာလ (၁)လ ကျော်သွားပြီဖြစ်၍ ဝတ်ပြုခြင်း များကို ထပ်မံ ရပ်ဆိုင်းထားရပါသည်။ အမြဲဝတ်ပြုနိုင်ဖို့ ဥပဒေလမ်းကြောင်းအတိုင်း ဆက်လက် ဆောင်ရွက်ရန် မြို့နယ်အုပ်ချုပ်ရေး မှူးထံ ထောက်ခံချက် တောင်းခံရာ မြို့နယ် ထောက်ခံချက် မပေးနိုင်ကြောင်း ဝတ်ပြုရန်လည်း ခွင့်မပြုနိုင်ကြောင်း၊ မူဆယ်မှာ ဗလီမရှိစေရဘူးလို့ ရှင်းပြစွာ ပြောဆိုပြီး တခြားသော ဌာနဆိုင်ရာများကိုလည်း ထောက်ခံချက်မပေးရန် တားမြစ်ခဲ့ပါသည်။ အမေ့အနေဖြင့် ဒီကိစ္စမှာ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ၊ နိုင်ငံတော်မှ ကျနော်တို့ကို ကူညီသင့်မသင့်၊ ပြုပြင်ပြောင်းလဲနေတဲ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် ဒီလိုကိစ္စရပ်များ ရှိသင့်မသင့်ကို ဖြေပေးစေလိုပါသည်။

ဖြေ။ ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပုဒ်မ ၃၆၂ နဲ့ ၃၆၃ က အောက်ပါအတိုင်း ဖြစ်ပါတယ်။ ၃၆၂ – နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံ

ဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။ ၃၆၃ – နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

အထက်ပါ ပုဒ်မတွေအပေါ် အခြေခံပြီး သားတို့ရဲ့ ကိုးကွယ်ပိုင်ခွင့်တွေကို တောင်းခံနိုင်ပါတယ်။ နိုင်ငံတော်သမ္မတ၊ ဒုသမ္မတတွေကို အကူအညီတောင်းထားတာလည်း ကောင်းပါတယ်။ အမေတို့နိုင်ငံဟာ လူမျိုးဘာသာမရွေး နိုင်ငံသူ နိုင်ငံသားတွေ အားလုံး ဥပဒေဘောင်အတွင်းမှာ တန်းတူညီတူ အခွင့်အရေး ခံစားပြီး၊ အေးအေးချမ်းချမ်း နေနိုင်တဲ့ နယ်မြေကြီးဖြစ်စေချင်ပါတယ်။

မေး။ ။ ဟိုတနေ့က သတင်းမှာ တရုတ်ပြည်ဖက်ကို ထွက်ပြေးတဲ့သူတွေကို တရုတ်အစိုးရက လက်မခံဘူးလို့ ကြားလိုက်ရပါတယ်။ အဲဒီထွက်ပြေးနေသူတွေ နောက်တခါထွက်ပြေးရင် ပြည်ပ ကို မပြေးပဲ ပြည်တွင်းဖက်ကို ပြေးလာစေချင်ပါတယ်။ အဲဒီလို ပြေးဝင်လာရင် ကျနော်တို့လည်း တတ်နိုင်သလောက် ကူညီလို့ရပါမယ်။ အစိုးရ မကောင်းဘူးဆိုပေမယ့် ကြင်နာတတ်တဲ့ ပြည်သူတွေက ဝိုင်းဝန်းကူညီဖို့အဆင်သင့်ပါပဲ။

မြန်မာနိုင်ငံအလယ်ပိုင်း ပုပါးဒေသက လူတွေ အစားအစာ မလုံလောက်တဲ့အခါ အောက်ရွာကို ပြောင်းရွှေ့လာကြပါတယ်။ သူတို့မြေတူးတဲ့အလုပ် ခြံအငှားလိုက်တဲ့အလုပ် စသဖြင့် ဝင်လုပ်ကြ ပါတယ်။ ကျနော်တို့ ဒေသကလူတွေလည်း သက်သာသလို သူတို့ဆီမှာ ဆန်ကွဲကို ကျိုသောက် နေရပေမယ့် ကျနော်တို့ အရပ်ရောက်တော့ ဆန်ကို ပုံမှန်ချက်စားနိုင်ပါတယ်။ အခုဆိုရင် သူတို့တွေဟာ သူတို့အရပ်ပုပါးမှာ ခြံပြန်ဝယ်ထားသူတွေ အများကြီးပါ။ အဲဒီလိုပဲစစ်မက်ဖြစ် နေတဲ့ဒေသက နိုင်ငံသားတွေလည်း အခြားဖက်ကို မပြေးပဲ မြန်မာနိုင်ငံထဲ ပြေးလာပါလို့ ဖိတ်ခေါ် ချင်ပါတယ်။ မြေတူးဖို့မဟုတ်ပါဘူး ကျနော်တို့လည်း မိသားစုနိုင်ငံသားချင်း တတ်နိုင်တာတွေ ကူညီကြရတာပေါ့။

ဖြေ။ ။ ကိုယ့်နိုင်ငံသားချင်း ကူညီချင်တဲ့ သားရဲ့ စိတ်ဓါတ်ကို လေးစားပါတယ်။ စစ်မက်တွေ ဖြစ်နေတဲ့ ဒေသက ပြည်သူတွေဟာ လွတ်ရာလမ်းက ပြေးကြတဲ့သဘောရှိပါတယ်။ ပြည်တွင်း ဖက် ပြေးဖို့က အပစ်အခတ်တွေဖြစ်နေတဲ့ နေရာတွေကို ဖြတ်ကျော်ရမယ့် အခက်အခဲတွေ ရှိနိုင်မယ်ထင်ပါတယ်။ မြန်မာပြည် အလယ်ပိုင်းက ပြည်သူတွေ စီးပွားရေး လိုအပ်ချက်အရ အောက်ဖက်ပြောင်းသလို၊ နိုင်ငံအရပ်ရပ်က ပြည်သူအချို့လည်း ဝမ်းစာရေးအတွက် နိုင်ငံခြား ထွက်ကြရတာပါပဲ။ အမေတို့နိုင်ငံဟာ ပြည်သူပြည်သားအားလုံး အေးချမ်းဖွံ့ဖြိုးစွာ နေနိုင်မယ့်

ဘေးမဲ့နယ်မြေကြီးဖြစ်ဖို့က အမေတို့တတွေရဲ့ အိပ်မက်ပါပဲ။ သားတို့လို နိုင်ငံကို စေတနာထားသူတွေကလည်း ဝိုင်းပြီးတော့ ဒီအိပ်မက်ကို အကောင်အထည်ဖော်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

မေး။ ။ပြောင်းလဲလာတဲ့ အပြောင်းအလဲတွေက နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ရေး (သို့) ယုံကြည်ချက်အရ အကျဉ်းသားအားလုံး လွတ်မြောက်ရေး ကြွေးကြော်သံတွေမှာ ပဲ့တင်ထပ်နေရမလား မသိပါ။ တဖက်မှာလည်း ၂၀၀၈ အခြေခံဥပဒေမှာ ရပ်ခံနေကြတဲ့ အခြေ အနေမှာရှိပါတယ်။ တကယ်တော့ နအဖဟာ အာဆီယံဥက္ကဋ္ဌထိုင်ခုံကို သူတို့ရဲ့ မှတ်တိုင်တခုအဖြစ် အိပ်မက်နေကြတယ်လို့ပဲ မြင်မိပါတယ်။ တဖက်မှာလည်း တိုင်းရင်းသားဒေသတွေကို ထိုးစစ်ဆင်တာကြောင့် ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဒုက္ခအခက်အခဲတွေ ရောက်နေရတာတွေ ရပ်တန်းက ရပ်သင့်ပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လိုလားတယ်ဆိုတဲ့ အစိုးရတရပ်အနေနဲ့ အဆုံးသတ် သင့်နေပါပြီ။ သည်တခါ ဦးအောင်ကြည်နဲ့ တွေ့ခဲ့ရင် ထိုးစစ်တွေရပ်ပါ။ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ခြွင်းချက်မရှိလွှတ်ပါ။ အဲ့ဒီကမှတဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ပါ။ အဲသလို အခြေအနေတွေ အခင်းအကျင်းတွေ ရှိလာခဲ့ပြီဆိုရင် ၂၀၀၈ အခြေခံဥပဒေကို ရပ်တန့်ရာရောက်သလို NLD အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ အဓိပ္ပါယ်ပိုမိုပြည့်စုံလာပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် မိုက်ကယ် ဂျက်ဆင်ရဲ့ ထင်ပေါ်ကျော်ကြားတဲ့ ခြေလှမ်းအက ထဲကလို ရှေ့ကိုလှမ်းနေသော်လည်း နောက်ပြန်ရောက် နိုင်ငံရေးလုပ်ရှားမှုထဲကို ရောက်သွားမှာ စိုးရိမ်မိပါတယ်။

ကျနော် အဓိကမေးချင်တဲ့မေးခွန်းက ဝန်ကြီးများရုံးကို ဟော်တယ်အဖြစ်ငှားရမ်းမယ်ဆိုတဲ့ သတင်းဖြစ်မှုအပေါ် အမေစု ရင်ထဲက စကားလေးတခွန်းကို တတိုင်းတပြည်လုံးသိရအောင် ပြောပေးစေချင်ပါတယ်။

ဖြေ။ ။ သားပြောတဲ့စကားတွေကို အခွင့်ကြုံတဲ့အခါ ဝန်ကြီးဦးအောင်ကြည်ကို တင်ပြလိုက်ပါ့မယ်။ အန်တီက မိုက်ကယ်ဂျက်ဆင်အခွေ တခါသာ ကြည့်ဖူးပြီးတော့ သူ့အကတွေ လုံးဝမကျွမ်းကျင်တော့ အရှေ့လှမ်းပြီးတော့ အနောက်ရောက်တဲ့ လှုပ်ရှားမှုမျိုးလုပ်ကို မလုပ်တတ်ပါဘူး။ အရှေ့လှမ်းရင် အရှေ့ရောက်တဲ့ လှုပ်ရှားမှုကိုပဲ လုပ်တတ်ပါတယ်။ ဝန်ကြီးများရုံးကို ဟိုတယ်အဖြစ် သုံးဖို့ ပုဂ္ဂလိကလက်ထဲ အပ်မယ်ဆိုရင် ဝမ်းနည်းစရာ ကောင်းမယ်လို့ အန်တီ ထင်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တွေကို ထိမ်းသိမ်းတယ်ဆိုတာ တနည်းအားဖြင့် ပြောရရင် အတိတ်ကို ရဲရဲ သုံးသပ်ရာရောက်ပါတယ်။ ကိုလိုနီခေတ်ဆိုတာလည်း ဒီနိုင်ငံရဲ့ သမိုင်း

တကွက်ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း မှန်မှန်ကန်ကန် သုံးသပ်မှ အနာဂတ်ကို မှန်မှန်ကန်ကန် ကြည့်ပြီးတော့ လုပ်နိုင်မှာပါ။ ကြုံတုန်းပြောရမယ်ဆိုရင် ဝန်ကြီးများရုံးအပြင် တန်ဖိုးထား ထိမ်းသိမ်းရမယ့် အဆောက်အဦးတွေ ရန်ကုန်မှာ အများကြီးရှိတာကြောင့် ဒီလို ထိမ်းသိမ်းရေး လုပ်ဖို့စိတ်ဝင်စားတဲ့သူတွေနဲ့ အန်တီ ဆွေးနွေးနေပါတယ်။

မေး။ ။ ရန်ကုန်မြို့ထဲက ဝန်ကြီးများရုံးအပါအဝင် ကိုလိုနီလက်ကျန်အဆောက်အဦး အတော်များများကို ဟိုတယ်လုပ်ဖို့ ပုဂ္ဂလိကကို ငှားမယ်လို့ ကြားရပါတယ်။ ခရီးသွားလာရေး ဉက္ကဌက ခရီးသွားလာရေး အားကောင်းမယ်ဆိုရင် ရန်ကုန်မှာ ဟိုတယ်ကောင်းကောင်းမရှိလို့ အမြန်စီစဉ်မှ ဖြစ်မယ်လို့ ပြောနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမြင်ကို သိချင်ပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံတော်ဝင်ငွေရမှာရှိသလို၊ တန်ပြန် ထိခိုက်နိုင်တာတွေ ဘာများရှိဦးမလဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမြင်ကို သိလိုပါတယ်ခင်ဗျား။

ဖြေ။ ။ ဝန်ကြီးများရုံးအပါအဝင် အခြားကိုလိုနီခေတ်က အဆောက်အဦးတွေကို ထိမ်းသိမ်းဖို့လိုကြောင်း အထက်ပါ မေးခွန်းကို ဖြေတုန်းက ထည့်သွင်းပြောလိုက်ပါတယ်။ ခရီးသွားလုပ်ငန်း အားပေးတဲ့နေရာမှာ မလိုလားအပ်တဲ့ အကျိုးဆက်တွေကို ရှောင်ရှားဖို့ အရေးကြီးကြောင်း အန်အယ်ဒီက ထုတ်ပြန်တဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ကြေညာစာတမ်းထဲမှာ ပါပြီးဖြစ်ပါတယ်။ အပြည့်အစုံသိချင်လိုက အန်အယ်ဒီဝက်ဆိုဒ်မှာ ကြည့်လို့ရပါတယ်။ သမိုင်းဝင် အဆောက်အဦးတွေကို စနစ်တကျ ထိမ်းသိမ်းဖို့လိုကြောင်း၊ ခရီးသွားတွေ ဆွဲဆောင်ချင်တာနဲ့ မပျက်စီးသင့်တာတွေကို မပျက်စီးအောင်လို့ သတိပြုဖို့လိုကြောင်းတွေလည်း ပါပါတယ်။

*(ဆက်လက်ဖော်ပြသွားပါအုံးမည်)*

# တရားဥပဒေနှင့်အစိုးရအကြောင်း

*( ပီမိုးနင်း ၊ ဝ၉ ဩဂုတ်လ ၂ဝ၁၁ )*



**ဆရာကြီးပီမိုးနင်း**

## တရားဥပဒေအကြောင်း

တရားဥပဒေတို့သည် နှစ်မျိုးရှိ၏။ လောကုတ္တရာကျင့်စဉ် ဥပဒေ၊ တစ်မျိုးမှာ လောကီ ဥပဒေ ဖြစ်လေသည်။ ထာဝရ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သော လူမျိုးတို့သည် လောကုတ္တရာ ဥပဒေကို ဘုရားသခင် ပြုလုပ်တည်ထောင်သည်ဟု အယူရှိကြ၏။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမှာမူ ထိုကဲ့သို့ မဟုတ်ချေ။ သို့သော်လည်း ဤကျမ်းသည် လောကုတ္တရာကျမ်း မဟုတ်သဖြင့် ထိုအ ကြောင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြရန် မလိုချေ။ လောကီဥပဒေကိုမူကား ရှင်ဘုရင်တို့သည်လည်းကောင်း၊ ရှင်ဘုရင်တို့ ကိုယ်စားဖြစ်ကြ ကုန်သော အခွင့်အာဏာ ရှိသူ တို့သည်လည်းကောင်း ပြုလုပ်တည်ထောင်ကြလေသည်။

စင်စစ်မှာ ၎င်းဥပဒေတို့သည် ပြည်သူတို့ လိုက်နာဆောင်ရွက်ဖို့ရန် တိုင်းပြည်၏ သဘောဆန္ဒအတိုင်း ပြုလုပ်စီမံရသော စည်းကမ်းအစုအဝေးများဖြစ်လေရာ ထိုစည်းကမ်းတို့ကို နားမထောင်သော သူတို့အပေါ်၌ အစိုးရမင်းတို့က အပြစ်ဒဏ်ပေးရလေသည်။ သို့ဖြစ်၍ ထို ဥပဒေတို့သည် စုဝေးနေထိုင်သော လူသတ္တဝါတို့ လိုက်နာရန် အမိန့်အာဏာတစ်မျိုးဖြစ်လေ ရာ ထိုအမိန့်အာဏာတို့ကို လိုက်နာရမည်ဟူ၍ အကြီးဆုံးသော နိုင်ငံအစိုးရမင်းတို့က အတင်း

အကြပ်အခိုင်အမာ ပြုရလေသည်။ လောကီဥပဒေတို့သည် အပြင်အပအလုပ်များဖြစ်ကြ၏။ လောကကုတ္တရာ ဥပဒေတို့မှာ အတွင်းစိတ်၏အလုပ်၌လည်း သက်ဆိုင်လေသည်။ သို့ဖြစ်သောကြောင့် လောကုတ္တရာ ဥပဒေအရ တစ်စုံတစ်ယောက်အပေါ်၌ အပြစ်ရှိသည်ဆိုငြားသော်လည်း လောကီဥပဒေရှိသည်ဟု မဆိုနိုင်ချေ။

လိမ်လည်စကားပြောခြင်း မုသာဝါဒကံသည် လောကုတ္တရာ ဥပဒေအရ အပြစ်မကောင်းမှုဖြစ်၏။ သို့သော်လည်း လောကုတ္တရာဥပဒေအရ လိမ်လည်ကျမ်းရွက်ခြင်း၊ ပဋိညာဉ်စာချုပ်ကို လိမ်လည်ပြုလုပ်ခြင်း၊ အပြင်အပအမှုတို့ကို ပြုလုပ်မှသာလျှင် တရားဥပဒေနှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်လေသည်။

တစ်စုံတစ်ခုသော အမှုကို ပြုလုပ်ပြီးနောက် ထိုအမှုအတွက် အပြစ်မပေးနိုင်လျှင် ထိုအမှုကို ပြုလုပ်ခြင်းသည် ဥပဒေကို ကျူးလွန်သည်ဟု မဆိုနိုင်ချေ။ သို့သော်လည်း အများပြည်သူတို့အပြစ်ဒဏ်ကို ကြောက်သောကြောင့်သာ ဥပဒေကို လိုက်နာရသည်ဟု အမြဲမှတ်ယူရန်မသင့်ချေ။

ဥပဒေကို မကျူးလွန်အောင် အစိုးရမင်းတို့က အတင်းအကြပ်ပြုထားသော်လည်း ပြည်သူတို့သည် ထိုကဲ့သို့ အကျပ်အတည်းပြုလုပ်ခြင်းကြောင့်သာ ဥပဒေကို လိုက်နာကြသည် မဟုတ်။ အလေ့အကျင့် အစဉ်အလာကြောင့်လည်းကောင်း၊ လူသတ္တဝါတို့၏ စိတ်မှာရှိရင်းဖြစ်သော ကောင်းမြတ်သော သဘောကြောင့် လည်းကောင်း၊ ဥပဒေကို လိုက်နာသည်ဟူ၍လည်း ယုံကြည်နိုင်လေသည်။

ဥပဒေကို မလိုက်နာလျှင် မနေရဟု အစိုးရမင်းက အတင်းအကျပ် ပြုသောကြောင့်သာလျှင် ဥပဒေကို လိုက်နာကြသည်ဟု မှတ်ယူယုံကြည်ချေက လူသတ္တဝါတို့သည် အလွန်တရာ ရိုင်းစိုင်းကြမ်းကြုတ်သဖြင့် တရားထက် ဓားကိုကြောက်ရာသို့ရောက်၍ နေပေလိမ့်မည်။ ဥပဒေသည် နိုင်ငံ၌ အကြီးဆုံးသော တန်ခိုးအာဏာရှင်ဖြစ်သူ၏ အမိန့်ဖြစ်၏။ ထိုအကြီးဆုံးသော တန်ခိုးအာဏာသည် ပြည်သူ၏လက်တွင် တည်ရှိချေက ထိုဥပဒေကို ပြည်သူ့သဘောဆန္ဒဖြစ်သည်ဟု အယူရှိရပေမည်။

ဥပဒေသည် အမိန့်ဖြစ်သည်ဟုဆိုသော် တန်ခိုးအကြီးဆုံးဖြစ်သူ၏ အမိန့်မဟုတ်ချေက ထိုအမိန့်သည် ဥပဒေအဖြစ်သို့ မရောက်နိုင်ချေ။ အကြောင်းမူကား အကြီးဆုံးသော အာဏာရှိသူ၏ အမိန့်မဟုတ်ချေက ၎င်းအမိန့်ကို ထိုထက်ကြီးသော အာဏာရှင်၏ အမိန့်ဖြင့် ပယ်ဖျက်နိုင်လေသည်။ တိုင်းပြည်ကြီး၌ အကြီးဆုံးသောအာဏာသည် အဘယ်မှာ တည်ရှိသည်ဟူသော အကြောင်းကို နောက်၌ ဖော်ပြပါလိမ့်မည်။

ဥပဒေတို့သည် အစဉ်အလာမှာသော်လည်းကောင်း၊ ဘာသာအယူဝါဒမှာသော်လည်းကောင်း ပေါ်ထွက်လာပြီးလျှင် တရားသူကြီးတို့၏ ဆုံးဖြတ်ချက် အစဉ်အလာဖြင့် ၎င်းဥပဒေကို ထပ်လောင်းချဲ့ထွင် ဖြည့်စွက်ရလေသည်။

၎င်းဥပဒေတို့သည် တိုင်းသူပြည်သားတို့၏ အလေ့အကျင့်အစဉ်အလာ အစွဲအလမ်း စိတ်နေသဘောထားတို့နှင့် လုံးလုံးဆန့်ကျင်ချေက ထိုဥပဒေတို့သည် မြဲမြံတည်တံ့ခြင်း မရှိနိုင်ချေ။ တရားသူကြီးတို့၏ စီရင်ဆုံးဖြတ်ချက်များသည် အစဉ်အလာဖြစ်ကြလျက် ယခုခေတ်ကာလမှာပင် ထိုဆုံးဖြတ်ချက်တို့ကို အမှီပြုကာ ဥပဒေ လုပ်ကြရလေသည်။

တစ်ခါတစ်ရံ တရားစီရင်ရာ၌ လိုက်နာအသုံးပြုရန် ဥပဒေမရှိသည့်အခါ တရားသူကြီးတို့သည် ဖြောင့်မှန်သော ကိုယ်ပိုင်သဘောဉာဏ်ကို အသုံးပြု၍ ဆုံးဖြတ်ကြရလေသည်။ ထိုကဲ့သို့သော ဆုံးဖြတ်ချက်တို့သည် ဥပဒေ၌ ထပ်လောင်းဖြည့်စွက်ခြင်းများ ဖြစ်ကြလေသည်။

သို့သော် ၎င်းအချက်တို့မှအပ အချုပ်ကိုပြောရမည်ဆိုလျှင် ဥပဒေတို့သည် ဥပဒေပြုခြင်းဌာနမှ ထွက်ပေါ်လာရလေသည်။ တရားသဖြင့်တည်ရှိသော အစိုးရမင်းတို့သည် ပြည်သူ၏အလိုကို ဆင်ခြင်ကာ ဥပဒေလုပ်သောအခွင့်ကို မိမိတို့၏ လက်ဝယ်ထားကြလေသည်။

တိုင်းပြည်၌ ဥပဒေလုပ်ခြင်းနှင့်ဆိုင်သော အခွင့်အာဏာသည် ပါလီမန်လွှတ်တော်မှာရှိလေသည်။ သို့ဖြစ်သောကြောင့် အများဆုံးသော ဥပဒေတို့သည် ပါလီမန်လွှတ်တော်မှ ထွက်ပေါ်လာရသည်ကို ထောက်လိုက်သော် ပါလီမန်လွှတ်တော်သည် တိုင်းပြည်၌ အကြီးဆုံးသော တန်ခိုးအာဏာ၏ တည်ရှိရာဌာနဖြစ်ကြောင်းကို သိသာလေသည်။ ပါလီမန်လွှတ်တော်သည်ကား တိုင်းသူပြည်သားတို့၏ အလိုဆန္ဒနှင့် ရှည်မြင့်စွာ ဆန့်ကျင်၍ မနေနိုင်ချေ။

၎င်းဥပဒေတို့သည် ခေတ်ကာလသမယ အခြေအနေတို့နှင့် မညီမညွတ်၊ တိုင်းသူပြည်သားတို့၏ တိုးတက်ကြီးမြင့်သော စိတ်နေသဘောထားကို မမှီ နောက်ကျန်၍နေချေက ထိုဥပဒေတို့ကို ကျူးလွန်ခြင်းသည် ဥပဒေကို လိုက်နာခြင်းထက် ပိုမြတ်သည်ဟု အမေရိကန် သမ္မတ ဝုဒ်ရောဝီလဆင် (Woodrow Wilson) က ပြောခဲ့ဖူးသည်။

ရောမလူမျိုးတို့၏ အယူဝါဒအရ ဥပဒေတို့သည် တိုင်းပြည်၏ အမှူးဆောင်ဖြစ်သော အာဏာပိုင်အရာရှိတို့၏ နှုတ်ဖြင့် တိုင်းပြည်ကထုတ်ပြန်သော အမိန့်များဖြစ်လေသည်။ ကြျူတန်လူမျိုးတို့၏ အယူဝါဒအရ ဥပဒေတို့သည် တိုင်းသူပြည်သားတို့၏ မိရိုးဖလာ အလေ့အကျင့်ဖြစ်လေသည်။

၎င်းရောမနှင့် ကြျူတန်အယူဝါဒနှစ်မျိုး ပေါင်းစပ်ခြင်းဖြင့် ယခုခေတ်ကာလ ဥရောပတိုင်းဥပဒေများ ပေါ်ထွက်လာရသည်ဟူ၍လည်း ဆိုနိုင်လေသည်။

## အစိုးရအကြောင်း

တိုင်းနိုင်ငံဟူသောအကြောင်းကို ဆင်ခြင်စဉ်းစားရာ၌ အစိုးရသည် အရေးကြီးဆုံးဖြစ်ကြောင်း စိတ်ထဲ၌ ထင်မြင်သိရှိရလေသည်။ တိုင်းနိုင်ငံ ဟူသမျှတို့၌ အုပ်ချုပ်သူများနှင့်

အုပ်ချုပ်ခံရသူများ ရှိလေသည်။ အုပ်ချုပ်သူ အစိုးရမရှိသည်နှင့် တပြိုင်နက် တိုင်းနိုင်ငံအဖြစ်သည် ရပ်စဲလျက် သောင်းကြမ်းသော မင်းမဲ့အဖြစ်သည် ပေါ်ပေါက်၍လာရလေသည်။

အစိုးရဆိုသည်မှာ အုပ်ချုပ်ခြင်းခံရသော သူတို့အား အမိန့်ပေးသော ဌာနဟူ၍ သိရှိရလေသည်။ ၎င်းအစိုးရမင်းတို့သည် တိုင်းနိုင်ငံ၏ အကြီးဆုံးသော တန်ခိုးအာဏာတို့ကို ဆောင်ရွက်အသုံးပြုသော စက်ကရိယာ လက်နက်မျိုးနှင့် တူလေသည်။

စင်စစ်မှာသော်ကား State ဟုခေါ်သော တိုင်းနိုင်ငံနှင့် အစိုးရ ခွဲခွါ၍မရ၊ ပေါင်းစပ်လျက်ရှိသောကြောင့် အင်္ဂလိပ်ဘာသာစကား၌ ၎င်းစတိတ် State ခေါ် တိုင်းနိုင်ငံကိုပင် အစိုးရဟူ၍ သာမာန်အားဖြင့် ခေါ်ဆိုတတ်ကြလေသည်။

မြန်မာဘာသာစကားမှာမူကား ထိုကဲ့သို့ ခေါ်ဆိုနိုင်ရန် လက္ခဏာမရှိချေ။ ၎င်းအုပ်ချုပ်ခြင်းအစိုးရသည် ပြည်သူက သဘောတူခွင့်ပြုပေးကြသဖြင့် တည်ရှိရလေသည်။ တစ်စိတ်တစ်ဒေသဖြစ်သော ပြည်သူတို့၏ သဘောတူခြင်းကိုမျှမခံစား၊ မရရှိသော အုပ်ချုပ်ခြင်းတို့သည် တိုင်းပြည်၌ မရှိနိုင်ချေ။ အနည်းဆုံးအားဖြင့် အချို့အဝက်သော ပြည်သူတို့က သဘောတူကြသဖြင့်သာလျှင် နိုင်ငံအစိုးရဖြစ်လေသည်။

ထိုကဲ့သို့သော သဘောတူခြင်းများကို ပြည်သူတို့က အတိအလင်း ထုတ်ဖော်မြွက်ဟပြောဆို၍ မပြနိုင်သောအခါ၌ ၎င်းကန့်ကွက်ခြင်းတစုံတရာကို ပြည်သူတို့က အဖွဲ့အစည်းဖြင့် ခုခံပြုလုပ်ပြောဆိုခြင်းငှာ မစွမ်းနိုင်သည့်အခါ ထိုကဲ့သို့သော အစိုးရမင်းတို့ကို အာဏာရှင်စနစ်ဒက်စပိုတစ်ဇင်း (Despotism) ခေါ် သဘောအတိုင်း ထင်သလို အုပ်ချုပ်ခြင်းမျိုးဟု ခေါ်ရလေသည်။

ပြည်သူတို့သည် အဖွဲ့အစည်းဖြင့် မိမိတို့ထင်မြင်ချက်ကို အတိအလင်းပေးနိုင်ကြသည့်အခါ၊ ထိုကဲ့သို့ ပြည်သူ၏ အခွင့်ကိုရကြသော အစိုးရမင်းတို့ကို ကွန်စတီကျူးရှင်နယ်လ်ဂါဘားမန့် (Constitutional Government) ခေါ် တရားအတိုင်း အုပ်ချုပ်ခြင်းဟုခေါ်သည်။ တစ်ခါတရံ အစိုးရဟူသော စကားကို ကိုယ်ထိလက်ရောက် အုပ်ချုပ်စီမံသော လူစုအတွက် အသုံးပြုတတ်ကြလေသည်။ ထိုလူစုသည်ကား ဥပဒေပြုအဖွဲ့အစည်း၏ အမိန့်ကို လိုက်နာဆောင်ရွက်သူများဖြစ်ကြလေသည်။ ဗြိတိန်နိုင်ငံတွင် ကက်ဘိနက် မယ်နစ်စတာ (Cabinet Ministers) ခေါ် လွှတ်တော်အမတ်များသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်စုများဖြစ်၍ ၎င်းတို့ တစ်စုအဝေးကိုပင် အစိုးရမင်းဟု ခေါ်ဆိုနိုင်လေသည်။

၎င်းပြင် တိုင်းနိုင်ငံ၌ တန်ခိုးအကြီးဆုံးသော ဌာနကို အစိုးရဟု ခေါ်ဆိုရသောကြောင့် ပါလီမန်လွှတ်တော်၌ များရာဘက်သား အမတ်အစုအဝေးကို အစိုးရဟူ၍ ခေါ်ဆိုနိုင်လေသည်။ ၎င်းတို့နှင့် ဆန့်ကျင်သော အားနည်းရာဘက်သား အမတ်များ၏ အစုအဝေးကို အော့ပေါစီးရှင်း (Opposition) ခေါ် ခုခံကန့်ကွက်ခြင်းအဖွဲ့ဟု ခေါ်ရလေသည်။

အစိုးရတို့၏ အရေးအကြီးဆုံးသော ပထမတန်းတာဝန်မှာ ပြည်သူ၏ အရေးကိစ္စတို့ကို ဆောင်ရွက်ခြင်း၊ ပြည်သူဆင်းရဲသားတို့၏ ထိပါးစော်ကားခြင်းကို ခံရသောအခါ ထိုကဲ့သို့ခံရသောသူတို့၏ စိတ်ကျေနပ်အောင် ပြုလုပ်စီရင်၍ ပေးရခြင်း၊ ၎င်းပြည်သူဆင်းရဲသားတို့အပေါ်၌ ထိပါးကျူးလွန်ခြင်းကို မဖြစ်စေရအောင် ကာကွယ်စောင့်ရှောက်ခြင်းများဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်..)

နိုင်ငံရေးအခြေပြုကျမ်း။ ၁၉၂ ခု၊ ဧပြီလ ၅ ရက်။
ရန်ကုန်မြို့ ဖရေဇာလမ်း၊ ကျူးမန်းတိုက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
Email: blcsan@ksc.th.com, Website: www.blc-burma.orgP.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910, Email: blcsan@ksc.th.com, Website: www.blc-burma.org

# ဈေးကွက်စီးပွားရေးစနစ်အပေါ်တွင် အခြေခံပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသင့်သည့် အနိမ့်ဆုံး စံပြဋ္ဌာန်းချက်များ

၁။ ဈေးကွက် စီးပွားရေးစနစ်ကို ဥပဒေ စိုးမိုးမှုအခြေခံဖြင့် ဆောင်ရွက်နိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော တရားစီရင်ရေးဖြင့် အာမခံရမည်။

၂။ ပုဂ္ဂလိက ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ( Property rights ) ကို ဥပဒေနှင့်အညီ ကာကွယ်ပေးရမည်။ ထို့အပြင် ကုမ္ပဏီတခု၊ အဖွဲ့အစည်းတခုက ဈေးကွက်ကိုလက်ဝါးကြီးမအုပ်နိုင်ရန်၊ လက်ဝါးကြီးအုပ်မှုမှ ကာကွယ်သည့် ဥပဒေ ( Anti- Trust Law ) ကိုပြဋ္ဌာန်းရမည်။

၃။ အစိုးရသည် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများကို ဘက်လိုက်မှုကင်းရှင်းရမည်။ စီးပွားရေးလုပ်ငန်းများတွင် ကုမ္ပဏီအချင်းချင်းဖြစ်ပွားသော အမှုများ၊ ကုမ္ပဏီနှင့် အလုပ်သမားများအကြား ဖြစ်ပွားသောအမှုများ၊ ကုမ္ပဏီနှင့် အစိုးရ (သို့) ဒေသဆိုင်ရာ အာဏာပိုင်များအကြား ဖြစ်ပွားသော မှုခင်းများကို တရားမျှတစွာဖြေရှင်းနိုင်ရန် ပဋိပက္ခဖြေရှင်းရေးရုံးများ၊ တရားရုံးများကို ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းရမည်။

၄။ ဗဟိုဘဏ် အပါအဝင် ငွေကြေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ (monetary institutions) ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ (financial institutions) လွတ်လပ်စွာ တည်ထောင်မှုကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းကာကွယ်ရမည်။ တိုင်းပြည်တွင် လည်ပတ်သော ငွေကြေးပမာဏနှင့် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေမှုကို ဗဟိုဘဏ်က ဆုံးဖြတ်လုပ်ကိုင်ရမည်။

၅။ အခွန်များကောက်ယူခြင်းနှင့် အခြားနည်းလမ်းဖြင့် ရှာဖွေခြင်းများအပါအဝင် တိုင်းပြည်၏ ဝင်ငွေ၊ ထွက်ငွေ ရသုံးခန့်မှန်းခြေငွေများ သတ်မှတ်ခြင်း၊ ခန့်ခွဲခြင်း၊ ရာထား သုံးစွဲခြင်းဆိုင်ရာများကို ဥပဒေပြုလွှတ်တော်က ကြီးကြပ်လုပ်ဆောင်ရမည်ဖြစ်ပြီး တပြည်လုံး လူထုသိရှိအောင် နှစ်စဉ် ပုံမှန်ထုတ်ပြန်ကြေညာရမည်။

၆။ နိုင်ငံသားများဥပဒေနှင့် အညီပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလည်းကောင်း၊ နိုင်ငံခြားသားများ ငှားရမ်းလုပ်ကိုင်နေသော မြေယာနှင့် အခြားပိုင်ဆိုင်ခွင့်များအားလည်းကောင်း၊ ကာလပေါက်ဈေးနှင့်အညီ ထိုက်သင့်သော လျော်ကြေးပေးအပ်ခြင်းမရှိပဲ၊ အတင်းအဓမ္မ နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းမပြုရ။

၇။ တိုင်းပြည်စီးပွားရေး တိုးတက်ရန်အတွက် နိုင်ငံသားများ၏ လွတ်လပ်စွာ ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ပြည်းတွင်း ပြည်ပ ကုန်သွယ်မှုတို့ကို မည်သည့်အဖွဲ့အစည်းကမျှ ဟန့်တားနှောက်ရှက်ခြင်း မရှိစေရန် ဥပဒေအရ ကာကွယ်ပေးရမည်။

၈။ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ သက်မွေးဝမ်းကျောင်းခွင့်ရှိရမည်ဖြစ်ပြီး နိုင်ငံတွင်း၌ သော်လည်းကောင်း၊ ပြည်ပနိုင်ငံများသို့သော်လည်းကောင်း အသက်မွေးကျောင်းမှုအတွက် ခရီးသွားလာပိုင်ခွင့်၊ အလုပ်လုပ်ခွင့် ပညာသင်ကြားခွင့်၊ ဥပဒေနှင့် အညီနေထိုင်ခွင့်များ ရရှိရမည်ဖြစ်ပြီး၊ ထို့အတွက် ဥပဒေကြောင်းအရ ကူညီထောက်ပံ့ပေးရမည်။

၉။ နိုင်ငံသားတိုင်းသည် အင်တာနက်၊ အီးမေးအပါအဝင် ခေတ်မီသတင်းဆက်သွယ်ရေး နည်းပညာများကို လေ့လာသင်ကြားခွင့်၊ ယင်းတို့ကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပမှ သတင်း အချက်အလက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရှာဖွေခွင့်၊ စုဆောင်းခွင့်၊ သုံးစွဲခွင့်၊ ဖြန့်ဖြူးခွင့် ရှိစေရမည်။

၁၀။ ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများအား ပြည်ထောင်စုအတွင်း တနေရာမှ တနေရာသို့ ဖြစ်စေ၊ ပြည်ထောင်စု ပြင်ပမှ ပြည်ထောင်စု နိုင်ငံအတွင်းသို့ ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအတွင်းမှ ပြည်ထောင်စုနိုင်ငံပြင်ပသို့ ဖြစ်စေ၊ ဥပဒေ နှင့်အညီ ရွှေ့ပြောင်းခြင်းကို မည်သူမျှ တားဆီးပိုင်ခွင့် မရှိစေရ။

၁၁။ နိုင်ငံသားတိုင်းသည်လည်းကောင်း၊ နိုင်ငံအတွင်း၌ ဥပဒေနှင့်အညီ တရားဝင်နေထိုင်သူတိုင်းသည်လည်းကောင်း၊ ပြည်တွင်း ငွေစက္ကူနှင့် နိုင်ငံခြားငွေစက္ကူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကိုင်တွယ်သုံးစွဲခွင့်၊ လွှဲပြောင်း ရောင်းဝယ်ခွင့် ရှိစေရမည်။

၁၂။ အစိုးရသည် တမျိုးသားလုံး၏ အခြေခံအဆောက်အအုံ တိုးတက်မှုရှိစေရန် ဆောင်ရွက်ရမည်။ လျှပ်စစ်၊ ရေထောက်ပံ့မှု၊ ဆက်သွယ်ရေး၊ သယ်ယူပို့ ဆောင်ရေး စသည့် ရုပ်ဝတ္ထု အခြေခံအဆောက်အအုံများကို လူထုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိက အသုံးပြုရမည်။ ပညာရေး၊ ကျန်မာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များပါဝင်သည့်လူမှုရေး အခြေခံအဆောက်အအုံများလည်း တိုးတက်စေရမည့်အပြင် လူမျိုး၊ လူတန်းစား၊ လူ့အလွှာ၊ လူ့ဇာတိ မခွဲခြားဘဲ နိုင်ငံသားတိုင်း ခံစားခွင့် အခွင့်အလမ်း တန်းတူရှိစေရမည်။

၁၃။ ဈေးကွက်စီးပွားရေးစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အစိုးရ၏ ရိုးသားပွင့်လင်းမှု၊ တာဝန်ခံမှု၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းမှုတို့အပါအဝင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တရပ် **(Good governance)** ကိုတည်ဆောက်ရမည်။

၁၄။ ပြည်ထောင်စုတဝှမ်းလုံး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဥပဒေပြု အဖွဲ့များကသော်လည်းကောင်း၊ ပြည်ထောင်စု အစိုးရအဆင့်ဆင့်ကသော်လည်း ဆုံးဖြတ် စီမံချက် ချမှတ်သည့် ကိစ္စရပ်များအားလုံးကို အများပြည်သူသိရှိစေရန် နှစ်စဉ် ပုံမှန်ထုတ်ပြန်ကြေညာရမည်။ အစိုးရ၏ ဆောင်ရွက်ချက်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံသားများတွင် မေးမြန်းခွင့်၊ သတင်းရယူခွင့်၊ အကြံပေးခွင့်၊ သုံးသပ်တင်ပြခွင့်များရှိစေရမည်။

၁၅။ လူတိုင်းတွင် ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံ၍ တူညီသော အလုပ်အကိုင် အခွင့်အလမ်းရရှိစေရမည်။ ဈေးကွက်စီးပွားရေးနှင့် လိုက်လျောညီထွေရှိစေပြီး အရည်အချင်းနှင့် ပြည့်စုံသော လုပ်အားရှင်များကို မွေးထုတ်ပေးနိုင်ရန် လွတ်လပ်သော ပညာရေးစနစ် တည်ထောင်လည်ပတ်မှုကို ဥပဒေနှင့်အညီ အာမခံရမည်။

၁၆။ နိုင်ငံတွင် မျက်မှောက်လူနေမှုစရိတ်ကို ကာမိသော အနိမ့်ဆုံး လုပ်အားခစနစ်ကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းရမည်။ တူညီသော အလုပ်အတွက် ညီမျှသော လုပ်အားခကို ခံစားရရှိရမည်ဖြစ်ပြီး၊ သင့်တော်သော အလုပ်ချိန်၊ နားနေခွင့်၊ လုပ်ငန်းခွင်တည်မြဲမှု၊ လုပ်အားစွမ်းရည်၊ ကျွမ်းကျင်မှုအလိုက် လုပ်အားခရရှိခွင့် အပါအဝင် အလုပ်သမားများ ရရှိသင့်သော အခွင့်အရေးများအတွက် အလုပ်သမားဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းတည်ထောင်ခြင်းတို့ကို ခွင့်ပြုရမည်။

၁၇။ တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အစိုးရကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ ပါဝင်သော "စီးပွားရေး စောင့်ကြည့်ရေးကော်မရှင်" တရပ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းရမည်။

၁၈။ ပြည်တွင်း၊ ပြည်ပ ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်မြင့်မားရေး၊ ကုန်ထုတ်စွမ်းအား မြင့်မားရေးတို့အတွက် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သော လုပ်အားရှင်များ ပြုစုပျိုးထောင်ရေး၊ သုတေသနလုပ်ငန်းများ တိုးတက်ရေးအတွက် တိုင်းပြည်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

၁၉။ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းဆောင်တာများကို ဈေးကွက်ယန္တယားနှင့်အညီ ဆောင်ရွက်နိုင်ရန် အစိုးရသည် အုပ်ချုပ်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားနှောက်ယှက်ခြင်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်။

## နိုင်ငံသားများ ၏ ဥပဒေရေးရာတာဝန် နှင့် အခွင့်အရေးများ

*(ဦးမြင့်သိဏ်း)*

"လူသားတွေဟာ လောကကြီးရဲ့သားကောင်တွေဘဲ" လို့ အချို့ကပြောကြတယ်။ အဲဒီလိုဘဲ "လူသားတွေဟာ ခေတ်တခု၊ စနစ်တခုရဲ့သားကောင်တွေ" ဖြစ်တယ်လို့လည်း ဆိုကြပြန်တယ်။ ဒီလိုဆိုရင် နိုင်ငံတခုမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ အဲဒီနိုင်ငံရဲ့ သားကောင်တွေဖြစ်ကုန်ရောလား၊ ဒါဟာ အင်မတန်အရေးကြီးတဲ့ မေးခွန်းဖြစ်လာတယ်။ ဒီမေးခွန်းကိုကောဘယ်လိုဖြေကြမလဲဆိုတာ ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့အချက်တခုဖြစ်လာပါတယ်။ ဒီမေးခွန်းကိုမဖြေခင် စဉ်းစားသင့်တဲ့ အချက်တခုကတော့ ... လူဆိုတာ လောကကြီးရဲ့ ဖန်တီးရှင်၊ စွမ်းအားရှင်တွေဖြစ်တယ်ဆိုတဲ့ အဆိုအမိန့်ကလေးတခုကိုလည်း ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ လောကကြီးကို အလှဆင်နိုင်တဲ့ စွမ်းအားရှင်၊ ဖန်တီးရှင်တွေဟာ လူသားများဘဲဖြစ်ပါတယ်။ ဒီတော့ လောကကြီးကို ဘယ်လိုမြင်ချင်သလဲ၊ ဘယ်လိုပုံစံမျိုးဖြစ်စေချင်လဲ၊ ဘယ်လောက်လှပအောင် ဖန်တီးသွားမလဲဆိုတဲ့ မေးခွန်းတွေကို ဖြေရမဲ့တာဝန်ရှိသူဟာ လူသားတွေဘဲဖြစ်တယ်ဆိုတာကိုတော့ အငြင်းမပွားကြဘူးလို့ယူဆပါတယ်။ ဒီလိုဆိုရင် နိုင်ငံတခုမှာရှိကြတဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ သူတို့နိုင်ငံကို ဘယ်လိုပုံစံမျိုးဖြစ်စေချင်သလဲ၊ အဲဒီလိုဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့တာဝန်ဟာ အဲဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသားတဦးချင်းစီရဲ့ တာဝန်ဆိုရင် မှားနိုင်မယ်မထင်ပါ။ တာဝန်ဆိုတာ ရှိလာတာနဲ့တပြိုင်နက်တည်းမှာ လုပ်ပိုင်ခွင့်တွေ၊ ရယူပိုင်ဆိုင် ခံစားနိုင်ခွင့်တွေဆိုတာ ဆက်တွဲပါလာတဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် တွေဘဲဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ နိုင်ငံသားတဦးချင်းစီတိုင်းရဲ့ ရှောင်လွှဲငြင်းပယ်လို့မရနိုင်တဲ့ ဘဝပေးတာဝန်တွေသာဖြစ်ပါတယ်။ ဒီတာဝန်တွေကို ငြင်းပယ်ရှောင်လွှဲလိုက်တာနဲ့ ကိုယ်ဖြစ်ချင်တဲ့၊ မြင်ချင်တဲ့ ကိုယ်ဖန်တီးချင်တဲ့ ကိုယ့်ရဲ့ ဖန်တီးနိုင်စွမ်းရှိတဲ့ လုပ်ပိုင်ခွင့်တွေ ဆုံးရှုံးသွားတာဖြစ်သလို၊ ကိုယ့်ရဲ့ ရယူခံစားပိုင်ခွင့်တွေအားလုံးဟာလည်း အလိုအလျောက် ဆုံးရှုံးသွားတော့တာပါဘဲ။ ဆုံးရှုံးမှုရဲ့ နောက်ဆက်တွဲဖြစ်စဉ်တွေကတော့ စွန့်လွှတ်ရမှုတွေ၊ နစ်နာခံစားရမှုတွေ၊ ပေးဆပ်လိုက်ရတာတွေ၊ အဆုံးစွန်မှာတော့ မိမိရဲ့ ကိုယ်ပိုင်ဘဝ အသက်ရှင်ရပ်တည်ခွင့်ကိုပါ ထိခိုက်ပျက်စီးသွားစေနိုင်တဲ့ အခြေအနေအထိ ရောက်သွားနိုင်ပါတော့တယ်။ နိုင်ငံသားတဦးချင်းစီရဲ့ ဘဝပေးတာဝန်၊ နိုင်ငံသားတာဝန်တွေကို "အားမတန်လို့မာန်လျှော့" လိုက်ရတယ်ဆိုတဲ့ စိတ်ဓာတ်တွေ၊ စကားလုံးတွေနဲ့ ဖုံးကွယ်လိုက်တာနဲ့ ဖုံးကွယ်ဖို့ကြိုးစားလိုက်တာနဲ့ ပျက်စီးဆုံးရှုံးခြင်းဆိုတဲ့ (ကွင်း) စပ်ကိုဝင်သွားလိုက်တာ အတူတူပါဘဲ။ အဲဒီကမှ "ကံစီမံရာပါဘဲလေ" ဆိုရင်တော့ ကွင်းထဲကိုရောက်သွားပြီပေါ့။ တနည်းအားဖြင့် လမ်းဆုံးသွားပြီလို့လည်း ပြောနိုင်ပြီပေါ့။ ဒါဆိုရင် ... ကျနော်တို့ အထက်က မေးခွန်းကို ဘယ်လိုဖြေဖို့ကြိုးစားကြလဲ ...

မြန်မာနိုင်ငံမှာရှိကြတဲ့ အာဏာရှင်စစ်အုပ်စုက သူတို့ဘဝရဲ့ အကျိုးစီးပွားဖြစ်တဲ့ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီးကို သူတို့စိတ်ကြိုက် ဖန်တီးလိုက်ကြတယ်။ သူတို့ဘဝရဲ့ အကျိုးစီးပွားဆိုတာကတော့ စစ်အုပ်စုအနေနဲ့ တိုင်းပြည်အာဏာကို ရေရှည်ကိုင်သွားနိုင်မယ်။ နိုင်ငံ့အာဏာကို ရေရှည်ကိုင်ထားနိုင်တာနဲ့အမျှ သူတို့ရဲ့ ဥပဒေမဲ့ လုပ်ရပ်တွေကို အကာအကွယ်ပေးသွားနိုင်မယ်။ နိုင်ငံတခုလုံးနဲ့ဆိုင်တဲ့ လုပ်ပိုင်ခွင့်တွေအားလုံးကို သိမ်းပိုက်ထားနိုင်မယ်။ အဲဒီကမှ သူတို့အုပ်စုတခုတည်းအတွက် အကျိုးစီးပွားတွေကို သူတို့စိတ်ကြိုက်ဖန်တီးပြီး သူတို့အလိုကျ ရယူခံစားနိုင်မှာလည်းဖြစ်တယ်။ တချိန်တည်းမှာလည်းဘဲ သူတို့နဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့သူတွေကို လက်ရှိကိုင်ထားတဲ့ အခွင့်အာဏာတွေနဲ့ အပြတ်အသတ် ဖိနှိပ်သွားနိုင်မှာ ချေမှုန်းသွားနိုင်မှာဖြစ်တယ်။ ဒါဟာ သူတို့စွမ်းအားတွေနဲ့ သူတို့ဘဝ အကျိုးစီးပွားကို ဖန်တီးလိုက်တာဖြစ်တယ်။

ဒီဖန်တီးမှုကို အကောင်အထည်ဖော်တဲ့အနေနဲ့ (၂၀၁၀) ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို တည်ဆောက်ပြလိုက်တယ်။ တဆက်တည်းမှာဘဲ ပြည်သူ့လွှတ်တော်ဆိုတာကိုလည်း ပုံဖော်ပြလိုက်ပြန်တယ်။ ဒါတွေဟာ စစ်အုပ်စုရဲ့ အကျိုးစီးပွား အခြေခံမှုအပေါ် ဖန်တီးချက်များဘဲဖြစ်တယ်ဆိုတာကို အားလုံး လက်ခံထားကြမှာဘဲဖြစ်တယ်။ အဲဒီလို စစ်အုပ်စုရဲ့ ဖန်တီးချက်များကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီဆိုရင်၊ နောက်ပြီးတော့ ဒီဖန်တီးမှုရဲ့ အကျိုးဆက်တွေဟာ မိမိတဦးချင်းစီအပါအဝင် နိုင်ငံသားများအားလုံး ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်အခွင့်အရေးတွေ၊ အကျိုးစီးပွားတွေ၊ ဘဝအာမခံချက်တွေ၊ တန်းတူညီမျှမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခြေခံတွေ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နောက်ဆုံး နိုင်ငံသားတဦးချင်းစီရဲ့ ဘဝရှင်သန်ရပ်တည်ရေးတွေအားလုံးကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပြီး ထိခိုက်စေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းဘဲ လက်ခံရတော့မှာဖြစ်ပါတယ်။ ဒါဆိုရင် ကျနော်တို့နိုင်ငံသားတွေဟာ စစ်အုပ်စုရဲ့ သားကောင်တွေ၊ ခေတ်သစ်စစ်အာဏာရှင်စနစ်ရဲ့ သားကောင်များ ဖြစ်သွားပြီဆိုတာ လက်ခံလိုက်ရပြီဆိုတဲ့အချက်က သဘောတူ ခွင့်ပြုခဲ့တာမဟုတ်ပေမဲ့ ငြင်းပယ်မှု၊ ကန့်ကွက်မှု၊ ဆန့်ကျင်မှု၊ တော်လှန်မှု မရှိဘဲ လက်ခံလိုက်တယ်ဆိုတဲ့အဆင့်ကို ရောက်သွားသလို ဖြစ်သွားပါတယ်။

သို့သော်လည်းဘဲ သေချာတာကတော့ တရားဝင် သဘောတူခွင့်ပြုချက် ပေးခဲ့တာမဟုတ်သလို၊ တရားဥပဒေနဲ့အညီ ငြင်းပယ်ခွင့်၊ ကန့်ကွက်ခွင့်တွေမရှိခဲ့လို့သော်လည်းကောင်း၊ ဆန့်ကျင်လိုပေမယ့် ဆန့်ကျင်နိုင်တဲ့အခြေအနေ မပေးလို့သော်လည်းကောင်း၊ တော်လှန်နိုင်တဲ့စွမ်းအား မရှိလို့ မတော်လှန်လိုက်ရလျှင်သော်လည်းကောင်း စသည့်အခြေအနေများကြောင့်ဆိုရင်တော့ ဒါဟာ နိုင်ငံသားတဦးခြင်းစီရဲ့ နိုင်ငံသားနဲ့ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတွေကို မုဒိန်းကျင့်ခံလိုက်ရတာဘဲဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို နိုင်ငံရေးအရ မုဒိန်းကျင့်ခံလိုက်ရတယ်ဆိုတာကို သေသေချာချာ သိနားလည်ဖို့တော့လိုပါတယ်။ အဲဒီအတွက် စိတ်ပျက်အားလျှော့စရာမလိုပါဘူး။ အနာသိရင် ဆေးရှိပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ မုဒိန်းမှုကျူးလွန်တယ်ဆိုရင် ကျူးလွန်သူတရားခံအပေါ် ဥပဒေနဲ့အညီ အရေးယူနိုင်တဲ့ ကျူးလွန်ခံရတဲ့သူရဲ့ ဥပဒေအရ ကုစားခွင့်၊ ဥပဒေဆိုင်ရာ အခွင့်အရေးရှိပါတယ်။ ပြစ်မှုကျူးလွန်သူဟာ သူကျူးလွန်တဲ့ ပြစ်မှုနဲ့ညီမျှတဲ့ ပြစ်ဒဏ်ကိုခံစားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျူးလွန်ခံရတဲ့သူက သဘောတူခွင့်ပြုတယ်ဆိုရင်တော့ ပြစ်မှုမမြောက်ပါဘူး။ ဒါပေမယ့် ပြစ်မှုဆိုင်ရာ ဥပဒေရဲ့ မုဒိန်းမှုကျူးလွန်ခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ “အလိုမတူ ငြင်းဆန်တာနဲ့ သဘောတူခွင့်ပြုချက်မရရှိခြင်း” ဆိုတာမှာ ကျူးလွန်ခံရသူအနေနဲ့ အလိုမတူလို့ ငြင်းဆန်လိုက်တာဟာ မြင်သာထင်သာပေမယ့် ငြင်းဆန်မှုမပြုနိုင်တဲ့ အခြေအနေ တနည်းအားဖြင့် ငြင်းဆန်နိုင်စွမ်းမရှိတဲ့ အခြေအနေ ကျူးလွန်ခံရသူအနေနဲ့ သူ့အပေါ် ကျူးလွန်တဲ့ကိစ္စအပေါ် သိနိုင်တဲ့ ငြင်းဆန်နိုင်တဲ့၊ စွမ်းအားမရှိအောင်၊ အလွန်အကျွံ မူးနေလို့၊ သို့မဟုတ် အိပ်ပျော်နေလို့ ငြင်းဆန်မှုမပြုခဲ့ပေမဲ့၊ သူ့ရဲ့သဘောတူညီမှုနဲ့ ခွင့်ပြုချက်ပေးခဲ့တာ မဟုတ်ဘူးဆိုရင် မုဒိန်းမှုမြောက်ပါတယ်။

မြန်မာနိုင်ငံလို ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျတဲ့ နိုင်ငံတွေမှာ တရားဥပဒေစိုးမိုးရေးဆိုတာ မရှိတာ ဓမ္မတာပါ။ တရားဥပဒေ စိုးမိုးမှုမရှိလို့လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု မရှိတာလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီကျင့်စဉ် ခိုင်မြဲတဲ့နိုင်ငံတွေမှာမှ ရှင်သန်နိုင်တာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ် အခြေခံမရှိတော့ တရားဥပဒေစိုးမိုးရေးဟာ မရှင်သန်နိုင်တော့တဲ့အတွက် တိုင်းပြည်ဟာလည်း ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်တော့ပါဘူး။ မြန်မာနိုင်ငံသားများဟာ အခြေခံအားဖြင့် ရိုးသားကြတယ်။ လူမစည်ကားအပ်တဲ့ အရပ်ဒေသများ အဖြစ် ဆေးရုံတို့ တရားရုံးတို့ကို သတ်မှတ်ခေါ်ဝေါ်သုံးစွဲခဲ့ကြတယ်။ တဆက်တည်းမှာဘဲ ဥပဒေဆိုတာ သူတို့နဲ့မဆိုင်သလို မပတ်သက်သလို နေခဲ့ကြတဲ့ အလေ့အကျင့်တွေရှိခဲ့ကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေလို နိုင်ငံသားတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိတဲ့ ဥပဒေကိုတောင် ကိုယ်နဲ့မဆိုင်သလို၊ တိုင်းပြည်အုပ်ချုပ်တဲ့သူတွေနဲ့သာ ဆိုင်တယ်ဆိုတာမျိုး သတ်မှတ်ခဲ့ကြတယ်။ တကယ်တော့ သူတို့ရဲ့ဘဝ အေးချမ်းမှုကို ဘုရားသခင်ကသာ ပေးထားတာဖြစ်တယ်လို့ ခံယူထားကြတယ်။ တိုင်းရင်းသားအများစုဟာဆိုရင် သူတို့ရဲ့ ဓလေ့ထုံးတမ်းတွေအပေါ်မှာသာ အထူးသဖြင့် အာရုံစိုက်လေ့ရှိခဲ့ကြတယ်။ နောက်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနဲ့ ကိုယ့်တိုင်းပြည်အပေါ် ချစ်တယ်။ တန်ဖိုးထားတယ်၊ မြတ်နိုးတယ်။

ဒီအခြေခံတွေကို အာဏာရှင်စစ်အုပ်စုက ကောင်းကောင်းနားလည်တယ်။ အဲဒီအပေါ်မှာ ဘယ်လိုကိုင်တွယ်ရမလဲ ဆိုတာကိုလည်း ကောင်းကောင်းသိတယ်။ ဒီအခြေခံတွေကို သူတို့ရဲ့ အကျိုးစီးပွားအတွက် ဘယ်လိုအသုံးချမလဲဆိုတာကို ကောင်းကောင်း ကျွမ်းကျင်တယ်။ ဒါကြောင့်လည်း အဲဒီအခြေအနေတွေဟာ မြန်မာနိုင်ငံက စစ်အာဏာရှင်များအတွက် အာဏာရေရှည်တည်မြဲရေးနဲ့ အာဏာကို ရေရှည်ကိုင်စွဲရေးဆိုင်ရာ ရေခံမြေခံကောင်းတွေ ဖြစ်သွားပါတော့တယ်။

မြန်မာနိုင်ငံက နဝတ၊ နအဖ စစ်အာဏာရှင်တွေဟာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ နိုင်ငံသားများအပေါ်မှာ နိုင်ငံရေးအရ မုဒိန်းမှု ကျူးလွန်ခဲ့ကြတဲ့သူတွေဖြစ်တယ်ဆိုတာကို သံသယကင်းရှင်းစွာနဲ့ လက်ခံရမှာဖြစ်ပါတယ်။ ဒီတော့ ကျနော်တို့ နိုင်ငံသူ နိုင်ငံသားများအားလုံးဟာလည်း နိုင်ငံရေးအရ မုဒိန်းကျင့်ခံလိုက်ရသူတွေဖြစ်နေတယ်ဆိုတာဟာ ရှင်းလင်းစွာမြင်နိုင်လာတဲ့အချက်ဖြစ်လာပါတော့တယ်။ ဒါဆိုရင် အနာကိုသိသွားပြီလို့ ဆိုရတော့မှာဖြစ်ပါတယ်။ အနာသိပြီဆိုရင်တော့ ဒီအနာကို ကုစားဖို့အတွက် ဆေးရှိလာရတော့မှာဖြစ်ပါတယ်။

အနာနဲ့ ဆေး တဲ့အောင်ပေးမှ အကျိုးဖြစ်ထွန်းတဲ့ ကုသမှုတရပ်ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ကျနော်တို့ရဲ့အနာများ (နစ်နာခံစားနေရမှုများ) တွေကို အရင်ဆုံး သိအောင်လေ့လာကြရမှာဖြစ်ပါတယ်။ လေ့လာမှုပြုမယ်ဆိုရင်လည်း ကိုယ့်နိုင်ငံအတွင်းမှာရှိနေတဲ့ အခြေအနေတွေကို လေ့လာရုံနဲ့ မလုံလောက်နိုင်ပါဘူး။ ဒီနေ့ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေ အထူးသဖြင့် ဒီမိုကရေစီကျင့်စဉ်ကို အောင်မြင်စွာကျင့်သုံးနေတဲ့ နိုင်ငံတွေ၊ အခြေခံလူ့အခွင့်အရေးတွေကို အပြည့်အဝ အာမခံချက်ရှိစွာ ရရှိခံစားနေရတဲ့ နိုင်ငံတွေက နိုင်ငံသားတွေရဲ့ ပကတိဘဝအခြေအနေတွေ၊ တရားဥပဒေစိုးမိုးရေးကို လက်တွေ့ကျင့်သုံးအောင်မြင်နေတဲ့ နိုင်ငံများက နိုင်ငံသားများရဲ့ ဥပဒေရေးရာ အကာအကွယ်ကို အပြည့်အဝ ခံစားစားနေရတဲ့ ဘဝအခြေအနေတွေကို စနစ်တကျ လေ့လာသွားရမှာ ဖြစ်ပါတယ်။

နောက် တဆက်တည်းမှာ အဲဒီလိုမျိုး၊ ဒီမိုကရေစီနဲ့ အခြေခံလူ့အခွင့်အရေးများအပါအဝင် တရားဥပဒေစိုးမိုးရေးကို စနစ်တကျ ကျင့်သုံးခံစားနိုင်တဲ့ အဆင့်ရောက်အောင် ကြိုးပမ်းလာခဲ့တဲ့ သမိုင်းကြောင်းကိုလည်း ပြည့်စုံအောင် လေ့လာကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ တိုးတက်အောင်မြင်နေတဲ့ နိုင်ငံတိုင်းရဲ့သမိုင်းမှာ သက်ဆိုင်ရာနိုင်ငံသားများအနေနဲ့ သူတို့ဖြစ်ချင်တဲ့၊ လိုချင်တဲ့ ဘဝတွေဖြစ်အောင် အဆင့်ဆင့်သော တိုက်ပွဲသမိုင်းများရှိစမြဲဖြစ်ပါတယ်။ ဘယ်လိုအောင်မြင်မှုမဆို တိုက်ပွဲနဲ့ မဖြတ်သန်းဘဲ လွယ်လွယ်နဲ့မရဘူးဆိုတဲ့ အချက်ဟာ အထူး အလေးအနက်ထားရမယ့်အချက်ဖြစ်ပါတယ်။ ပြောင်းလဲမှုဖြစ်စဉ် အဆင့်တိုင်းဟာ သူ့အလိုလို ပြောင်းလဲသွားကြသည်မဟုတ်ပါ။ ပုံစံတူမဟုတ်တဲ့ တိုက်ပွဲစဉ်များနှင့်အတူ အနိမ့်အမြင့် အတက်အကျ တထပ်တည်းမဟုတ်သော်လည်း၊ အရင်းအနှီးပါသည့် တိုက်ပွဲများကိုတော့ ဖြတ်ကျော်ရစမြဲပါ။

တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတနိုင်ငံကို ပိုင်ဆိုင်နိုင်တဲ့ နိုင်ငံသားများဖြစ်အောင် ယင်းနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပမာဏနှင့်ညီမျှတဲ့ အရင်းအနှီးတရပ်ကို သက်ဆိုင်ရာ နိုင်ငံသားများက ပေးဆပ်ခဲ့ရသည်ချည်းသာဖြစ်ပါတယ်။ အရင်းအနှီးပေးဆပ်ခြင်းဟာ အကျိုးအမြတ် တန်ဖိုးတွက်ချက်မှုနဲ့ အချိုးညီဖြစ်ဖို့ အဓိကလိုအပ်ပါတယ်။ ကိုယ်မျှော်မှန်းတဲ့ အကျိုးအမြတ်အတွက် ထိုက်တန်တဲ့ အရင်းအနှီးကို မှန်ကန်စွာ ပေးဆပ်နိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံတနိုင်ငံရဲ့ အကျိုးအမြတ်တန်ဖိုးဟာ နိုင်ငံသားများအတွက်သာဖြစ်ရမှာဖြစ်ပါတယ်။

ဒီနေ့မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျိုးအမြတ်ကို ဘယ်သူတွေခံစားနေရပါလဲ။ အကျိုးအမြတ်ခံစားနေသူတွေဟာ ဘယ်သူတွေလဲ။ နိုင်ငံသားများ ခံစားနေရပါသလား၊ အုပ်ချုပ်သူအစိုးရက ခံစားနေရသလား၊ နိုင်ငံတော်ကကော ခံစားနေရပါသလား၊ လက်ရှိမြန်မာနိုင်ငံမှာရှိတဲ့ ကျင့်သုံးနေတဲ့ တည်ဆဲ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံရဲ့ဂုဏ်သက္ခာအပါဝင် နိုင်ငံသားများကို အကျိုးပြုနေပါသလား၊ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ ဘယ်လူတန်းစားကို ပိုပြီး အကျိုးခံစားခွင့်ပေးနေပါသလဲ။ ဒီမေးခွန်းကို မြန်မာနိုင်ငံသားတိုင်း ဖြေဆိုကြရမှာဖြစ်ပါတယ်။ နောက်တဆက်တည်းမှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးကိုကော တာဝန်ခံထားပါသလား၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကမ္ဘာ့စံချိန်စံညွှန်းတွေနဲ့ကော ကိုက်ညီမှုဆီလျော်ညီညွတ်မှုရှိပါသလား။ နိုင်ငံသားများရဲ့ အခြေခံအခွင့်အရေးတွေကို ဘယ်လောက်

အထိ အကာအကွယ်ပေးထားနိုင်ပါ သလဲ၊ ဒီမိုကရေစီ စံချိန်စံညွှန်းတွေနဲ့အညီကောဖြစ်ရဲ့လား၊ ဒီအချက်တွေကို ဆန်းစစ်ရမယ့်တာဝန် ဘယ်သူ့မှာရှိပါသလဲ။ ဒီမေးခွန်းတွေကို ဖြေဆိုရမယ့် တာဝန်ဟာ ကျနော်တို့နိုင်ငံသားများရဲ့ တာဝန်သာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လောကပါလတရားရဲ့ အခြေခံအနှစ်သာရဖြစ်တဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း တို့ကို ဘယ်လောက်အထိ အာမခံချက်ပေးထားသလဲဆိုတဲ့ အချက်တွေကို ထည့်သွင်းဆန်းစစ်ရမှာဖြစ်ပါတယ်။ နောက် ဒီဖွဲ့စည်းပုံကြီးက ငြိမ်းချမ်းသာယာတဲ့ လူ့ဘောင်လောကတခုကိုကော အောင်မြင်အောင် ဖန်တီးတည်ဆောက်နိုင်ပြီလား၊ တည်ဆောက်သွားနိုင်မယ့် အလားအလာတွေကော ရှိရဲ့လား၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်တွေရဲ့ အတိတ်က ကျူးလွန်ခဲ့တဲ့အပြစ်တွေကို အကာအကွယ်ပေးထားတယ်။ ပစ္စုပ္ပန်မှာ သူတို့လုပ် ချင်တာလုပ်နိုင်ရုံတင်မကဘဲ အနာဂတ်မှာ သူတို့လုပ်ချင်တာတွေ လုပ်နိုင်ဖို့ လမ်းကြောင်းတွေပေးထားတယ်။ လိုအပ်တဲ့ အကာအကွယ်တွေပေးထားတယ်။ အဲဒီလိုဖြစ်အောင် စနစ်တကျ ဖန်တီးထားတာဖြစ်တယ်။ နောက်ပြီး ဒီအချက်တွေကို စနစ်တကျနဲ့ ဖန်တီးခဲ့တာက နိုင်ငံသားတွေမဟုတ်ဘူး၊ နိုင်ငံအာဏာကို အဓမ္မယူထားတဲ့ အုပ်ချုပ်သူ စစ်အာဏာရှင်တွေသာဖြစ်တယ်ဆိုဟာ အားလုံးရှင်းလင်းစွာသိနေတဲ့အချက်ဘဲ။

နိုင်ငံတခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံသားများအကျိုးကို ကာကွယ်ဖို့အတွက် နိုင်ငံအစိုးရရဲ့ အာဏာကို စနစ်တကျကန့်သတ်ပြီး ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူရည်တူဖြစ်အောင် နိုင်ငံသားများက ဖန်တီးတည်ဆောက်ပေးရတာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ သမိုင်းဆိုးတွေကို ပြုပြင်ပြီး အနာဂတ်ရည်မှန်းချက်ကို အောင်မြင်နိုင်ဖို့အတွက် ပစ္စုပ္ပန်ဘဝနဲ့ သဟဇာတဖြစ်အောင် ဖန်တီးတည်ဆောက်ရတာဖြစ်တယ်။ ဒီအခြေအနေတွေအားလုံးကို တကယ်ဖန်တီးရမယ့်သူတွေဟာ နိုင်ငံသားများသာဖြစ်တယ်။ တည်ဆဲဖွဲ့စည်းပုံဟာ နိုင်ငံတခုရဲ့ ပစ္စုပ္ပန်အခြေအနေတွေနဲ့ မကိုက်ညီတော့ဘူးဆိုရင် ကိုက်ညီတဲ့အနေအထားဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်တဲ့ အခွင့်အလန်းတွေ နိုင်ငံသားတွေမှာရှိရမှာဖြစ်တယ်။ ရှိအောင်လည်း ဖန်တီးပေးထားရမယ်။ ဖွဲ့စည်းပုံကို အသေပိတ်ထားလို့မရဘူး။ ပစ္စုပ္ပန်နဲ့ကိုက်ညီအောင်နဲ့ အနာဂတ်နဲ့ သဟဇာတဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်ရမှာဖြစ်တယ်။ အဲဒီတာဝန်ဟာလည်း သက်ဆိုင်ရာ နိုင်ငံသားများရဲ့ တာဝန်သာဖြစ်တယ်။

ဒါဆိုရင် နိုင်ငံသားတွေမှာ နိုင်ငံတော်နဲ့ပတ်သက်တဲ့ တာဝန်တွေရှိနေပြီဆိုတဲ့ အချက်ဟာ ရှင်းလာနိုင်ပြီဖြစ်ပါတယ်။ နိုင်ငံသားတွေဟာ သက်ဆိုင်ရာနိုင်ငံတခုရဲ့ ဥပဒေပါ အခွင့်အရေးများနဲ့အညီ တာဝန်အရ ဖန်တီးရှင်များဖြစ်ပါတယ်။ နိုင်ငံရဲ့ အမြင့်ဆုံးဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖန်တီးနိုင်စွမ်း၊ ပြင်ဆင်နိုင်စွမ်း၊ မွမ်းမံနိုင်စွမ်းရှိသူတွေဖြစ်ပါတယ်။ အဲဒီနိုင်ငံရဲ့ သားကောင်တွေမဟုတ်ပါဘူး။ အဲဒီနိုင်ငံအစိုးရတွေရဲ့ သားကောင်တွေမဟုတ်ပါဘူး။ ဖန်တီးရှင်၊ စွမ်းအားရှင်များသာဖြစ်ပါတယ်။ တကယ်တော့ လူသားတွေဟာ လောကကြီးရဲ့ ဖန်တီးရှင် စွမ်းအားရှင်များသာဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့ မြန်မာနိုင်ငံသားများဟာလည်း စစ်အာဏာရှင်စနစ်ရဲ့ သားကောင်များ၊ လောကရဲ့သားကောင်များ မဟုတ်ကြပါ။ နိုင်ငံတော်ရဲ့ အလှဖန်တီးရှင်များ၊ လောကကြီးရဲ့ အလှဖန်တီးရှင်များဖြစ်တယ်ဆိုတာကို အခိုင်အမာယုံကြည်တဲ့အလျောက်၊ လက်ရှိတည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို နိုင်ငံသားများရဲ့ စွမ်းအားနဲ့ အမြန်ဆုံး ပြောင်းလဲပြီး၊ နိုင်ငံသားတဦးချင်းစီရဲ့ အခြေခံအခွင့်အရေးများကို အပြည့်အဝ အာမခံချက်ရှိစေမယ့် စစ်မှန်တဲ့ ဒီမိုကရေစီကျင့်စဉ်ကို ပြည့်ဝစွာ ကျင့်သုံးစေနိုင်မယ့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိစေမယ့် နိုင်ငံတော်သစ်ကြီးကို အမြန်ဆုံး တည်ဆောက်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

# တားမြစ်ဧ စာချွန်တော်

*စောကျော်ကျော်မင်း (၆.၈.၂၀၁၁)*

## သဘာဝပတ်ဝန်းကျင် ( Environment )

သဘာဝပတ်ဝန်းကျင်ဆိုသည့် အသုံးအနှုန်း၊ စကားရပ်ကို အများ၊ သူ..ငါ..ပြောဆို သုံးနှုန်းနေကြသည်ကို ယခင်အကြိမ်များက များစွာ ကြားဖူးသော်လည်း၊စိတ်ထဲတွင် အလေး အနက်ထားရကောင်းသည့်အရာမဟုတ်ဟု ထင်မှတ်ခဲ့မိသည်။ အထူးသဖြင့် တော၊ တောင်၊ ရေ၊ မြေ၊ မြေပေါ်မြေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝလျက်ရှိသည့် နိုင်ငံပေါ်တွင် မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသူ နိုင်ငံသားအများစုအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆို သည်ကို ထိန်းသိမ်းရကောင်းမှန်း၊ ပျက်စီးဆုံးရှုံးမှုများကို ပြုစုပျိုးထောင်ရကောင်းမှန်း မသိကြသူ က အများစုဖြစ်ပေသည်။ ထိုမျှမက သိပင်သိသော်ငြားလည်း အလေးအနက် ထားရကောင်း မှန်း မသိသူများကလည်း ဒုနဲ့ဒေးပင်ဖြစ်သည်။ ကျွန်တော်လည်း ထိုအထဲတွင် တယောက်အပါ အဝင်ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် အနောက် ဆွာသစ်ဆိပ်စီမံကိန်း၌ ထူးကုမ္ပဏီ၏ စတိုဝန် ထမ်းအဖြစ် ဝင်ရောက်အလုပ် လုပ်ကိုင်ခဲ့ဖူးသည်။ နှစ်တနှစ်၏ သစ်ထုတ်ရာသီ၌ ကုမ္ပဏီတခု တည်းကိုပင် တန်ပေါင်း သောင်းကျော် ထုတ်လုပ်ခွင့်ပေးထားသည်။ သစ်ဆိပ်၌ တောင်ပုံရာပုံ ပုံထားသော သစ်လုံးများ၊ တောင်ကတုံးဖြစ်သွားသော ပဲခူးရိုးမ၊ သစ်တောဝန်ကြီးဌာန လက်အောက်ခံ သစ်တောဌာန (Forest Department)၊ မြန်မာ့သစ်လုပ်ငန်း ( Myanmar Timber Enterprise MTE)နှင့် နအဖ အစိုးရ ဆွေမျိုးအသိုင်းအဝိုင်းများ ထူထောင်ထား သည့် ကုမ္ပဏီများ၏ ပူးပေါင်းလုပ်ဆောင်မှုများပင်ဖြစ်သည်။ ရရှိလာသည့် အကျိုးအမြတ်ကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးချခဲ့သည်မဟုတ်။ အစိုးရအသုံးစရိတ် အထူးသဖြင့် ကာကွယ်ရေးအသုံးစရိတ်များသာ ဖြစ်ခဲ့သည်။ ထူးကုမ္ပဏီကဲ့သို့ သစ်ထုတ်သည့် ကုမ္ပဏီပေါင်း မြန်မာနိုင်ငံတွင် များစွာရှိပါသည်။ အနောက်ဆွာသစ်ဆိပ်စီမံကိန်း၊ မြို့ချောင်း သစ်ဆိပ်စီမံကိန်း၊ စသည်အားဖြင့် မြန်မာတနိုင်ငံလုံးရှိ သစ်တောများမှ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်း၊ နှင့် အခြားသစ်မာပေါင်းများစွာကို ထုတ်ယူချင်တိုင်းထုတ်ယူနေခဲ့ကြသည်။

ယင်းကဲ့သို့ မြင်တွေ့ခဲ့ရသည့်တိုင်အောင် ကျွန်တော်၏ အသိတရားတွင် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဆိုသည်ကို နက်နက်နဲနဲ မတွေးမိခဲ့ပါ။ ထိုစဉ်အချိန်က နအဖ အာဏာရှင် အနေဖြင့် သဘာဝအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲ ထိန်းသိမ်းနိုင်ရေးအတွက်ကို လည်းကောင်း၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲ သုံးစွဲနိုင်ရေး အတွက်ကိုလည်းကောင်း မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်လုပ်ကိုင် ဆောင်ရွက်ခြင်းဆိုသည်ထက် လက်တကမ်းရှိ အကျိုးအမြတ်ကိုသာ စဉ်းစားတွက်ချက် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းအားဖြင့် သဘာဝအရင်းအမြစ်များစွာ နစ်နာဆုံးရှုံးခဲ့ရသည်ကို ယနေ့ မြန်မာနိုင်ငံသူ နိုင်ငံသားများ

လက်တွေ့ခံစားနေကြရပြီဖြစ်သည်။ ဥတုရာသီ တောကိုမီ၏ ဆိုသည့် ဆောင်ပုဒ်သည် နအဖ အာဏာရှင်လက်ထက်တွင် အသုံးမဝင် အရာမရောက်သည့် ဆောင်ပုဒ်တခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရသည်။

Environment ဆိုသည့် ဝေါဟာရကို Natural ဆိုသည့် ဝေါဟာရနှင့် များသောအားဖြင့် ပေါင်းစပ်ဖော်ပြလေ့ရှိကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ကမ္ဘာပေါ်ရှိ သက်ရှိ၊ သက်မဲ့၊ ဇီဝရုပ် (သို့မဟုတ်) ဇီဝရုပ်အစုအဝေးများကိုလည်းကောင်း၊ ဒြပ်၊ သတ္တု သယံဇာတ၊ သတ္တဝါတို့ အသက်ရှင်ရပ်တည်နိုင်ရန်၊ ရှင်သန်ကြီးထွားနိုင်စေရန်၊ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်၊ မရှိမဖြစ် လိုအပ်သော အခြေအနေ အကြောင်းတရား (ပထဝီ၊ တေဇော၊ အာပေါ၊ဝါယော) စသည်တို့ ပေါင်းစပ်ပါဝင်ပေသည်။ ရေ၊ မြေ၊ တောတောင်၊ ဇီဝအလှ သတ္တမျိုးစိတ်၊ သားရိုင်းတရိစ္ဆာန်၊ ရှားပါးမျိုးစိတ်၊ ရာသီဥတု စသည်တို့၏ အပြန်အလှန် ဆက်စပ် အမှီသဟဲပြု နေထိုင်ကြရသည့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်၊ လူသားနှင့် လူမှုအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ စသည်တို့အကြားတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး (Environmentalism) ဆိုသည့် ဝေါဟာရ ထွက်ပေါ်လာခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ နိုင်ငံအကန့်အသတ်မရှိ။ နယ်မြေအပိုင်းအခြားမရှိ၊ တကမ္ဘာလုံးနှင့် ဆက်စပ်နေခြင်းဖြစ်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင်လည်း နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာအယူအဆကို ချွင်းချန်စဉ်းစားရမည့်အဆင့်တွင်သာ ထည့်သွင်းစဉ်းစားကြသင့်ပေသည်။

## ရောဝတီကိုကယ်တင်ကြစို့ နှင့် မြစ်ဆုံရေကာတာ နှင့် စစ်ပွဲ

၂၀၁၁ ဇူလိုင်လအတွင်းက မေးလ်ထဲသို့ရောက်ရှိလာသည့် ဆောင်းပါးနှစ်ပုဒ်ဖြစ်ပါသည်။ ရောဝတီကို ကယ်တင်ကြစို့ ဆိုသည့်ဆောင်းပါး ကို US Campaign Burma ဒါရိုက်တာ ဦးအောင်ဒင်မှ ရေးသားခြင်းဖြစ်ပြီး၊ မြစ်ဆုံရေကာနှင့် စစ်ပွဲဆိုသည့် ဆောင်းပါးကို ကျွန်တော့အား ဆရာသမားသဖွယ် နိုင်ငံရေး၊ လူမှုရေး အသိတရားများ ပြောဆိုဆုံးမပေးနေသူတဦးက ရေးသားထားခြင်းဖြစ်သည်။ ဦးအောင်ဒင်၏ ဆောင်းပါးကို မေးလ်ထဲရောက်လာသည့် အချိန်မတိုင်မီကတည်းက မောကွန်းပညာရေးမဂ္ဂဇင်း ဝက်ဆိုက်တွင်ဖတ်ခဲ့ရပြီးဖြစ်သည်။ မေခ – မလိခ နှင့် ရောဝတီမြစ် စတင်ရာ မြစ်ဆုံဒေသတို့တွင် တည်ဆောက်မည့် ရေကာတာကြီးများနှင့် မြစ်သေဘဝသို့ ရောက်ရှိရမည့် ရောဝတီမြစ်ကြီးကို ကယ်တင်နိုင်ရေးသည် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ကြောင်း ရောဝတီကိုကယ်တင်ကြစို့ ဆောင်းပါးတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံက ၃.၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားတော့ အကျိုးအမြတ် ၇၀% ကို ယူမှာဖြစ်ပြီး မြန်မာနိုင်ငံက ၂၀% ရပါမယ်။ ကျန် ၁၀% ကို Asia World လို ကုမ္ပဏီတွေကရမှာဖြစ်ပါတယ်။ ရရှိလာမယ့် ရေအားလျှပ်စစ် ၉၉% ကို တရုတ်ပြည်ဖက်ကို ရောင်းပြီး မြန်မာနိုင်ငံကိုတော့ ၁% ပြန်ရောင်းမှာဖြစ်ပါတယ်... ဟူ၍ မြစ်ဆုံရေကာတာနှင့် စစ်ပွဲဆိုသည့် ဆောင်းပါးတွင် ဆောင်းပါးရှင်က ဖော်ပြထားသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာညီလာခံ စာချုပ်စာတမ်းများနှင့် မြန်မာနိုင်ငံ

လူသားတို့၏ လူမှုအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အတူ တစထက်တစ၊ တနေ့ထက်တနေ့ ပိုမို ယိုယွင်းပျက်စီးလာသည့် သဘာဝပတ်ဝန်းကျင်များ၊ ပြောင်းလဲဖောက်ပြန်လာသည့် ရာသီဥတု စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် တကမ္ဘာလုံးနှင့်သက်ဆိုင်ကြောင်းကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများ၊ တွေးခေါ်ပညာရှင်များ၊ နိုင်ငံ့ခေါင်းဆောင်များက သိမြင်လာပြီးသည့်နောက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ ညီလာခံများ၊ သဘောတူစာချုပ်များကို ကဏ္ဍရပ်အလိုက် ချုပ်ဆိုခဲ့ကြသည်။ နိုင်ငံပေါင်းများစွာက ပူးပေါင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံက ပူးပေါင်း ပါဝင်လက်မှတ်ရေးထိုးထားသည့် တကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ စာချုပ်ပေါင်း (၃၀) ကျော်ရှိသည်။ ယင်းတို့အထဲတွင် ကုလသမဂ္ဂ၏ ကမ္ဘာ့ရာသီဥတုများ ပြောင်းလဲလာခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညီလာခံ(United Nations Framework Convention on Climate Change~ New York (1992) UNFCCC)၊ အမျိုးမျိုးသော ဇီဝမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံ (Convention on Biological Diversity~ Rio de Janeiro~ 1992)၊ နိုင်ငံတကာ အပူပိုင်းဒေသများတွင် သစ်နှင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ သဘောတူစာချုပ် (International Tropical Timber Agreement (ITTA) Geneva 1994) စသည်တို့ပါဝင်ပေသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားကော်မရှင် (National Commission for Environmental Affair NCEA) ကို ၁၉၉၀ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ယင်းကော်မရှင်သည် ယနေ့ထိတိုင်အောင် တနိုင်ငံလုံးအတိုင်းအတာအထိ လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသကဲ့သို့ သီးခြား လွတ်လပ်စွာ ရပ်တည်နိုင်သည့် ကော်မရှင်တရပ်လည်း မဟုတ်ခဲ့ပေ။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (United Nations Development Plan) သည် မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ် ကတည်းက မြန်မာတနိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ခြောက်ဆယ်ကျော်တွင် စားနပ်ရိက္ခာ ဖူလုံရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက် ရေးအစီအစဉ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ HIV/AIDS ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံသူနိုင်ငံသားများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်ဆိုင်သည့် အသိတရားများသည် ယနေ့ထိတိုင်အောင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးပါ။ အထူးသဖြင့် ဆင်းရဲမွဲတေမှုနှင့် အစိုးရ၏ ကမ္ဘာ့ကုလသမဂ္ဂနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများကို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများပြုလုပ်ထားခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များသည် ပြည်သူလူထုအကြားတွင် ထင်သလောက် ခရီးမတွင်ဖြစ်ခဲ့ရသည်။ အခြားတဖက်တွင် နအဖ ကိုယ်၌က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသော သဘောတူစာချုပ်များကို နိုင်ငံတကာ အလယ်တွင် ဟန်ပြလက်မှတ် ရေးထိုးခြင်းမျှသာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး၊

မိမိနိုင်ငံအတွင်း၌မူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသော မူဝါဒ စည်းမျဉ်း စည်းကမ်းဥပဒေများကို တိတိကျကျ ရှင်းရှင်းလင်း သတ်မှတ်ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းကို ယနေ့အချိန် ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရတက်လာသည့်တိုင်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးပါ။ အခြားတဖက်တွင် နအဖ အစိုးရ၊ ဦးသိန်းစိန် အစိုးရ တို့သည် မြန်မာ့ရေမြေ တော တောင် သဘာဝအလှကို ဖျက်ဆီး၊ အများပြည်သူ အတိဒုက္ခရောက်စေမည့် စီမံကိန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်၌ တည်ဆောက်လျက်ရှိသည့် ဆည်နှင့် ရေကာတာကြီးများက သက်သေတည်လျက်ရှိသည်။

## ရေကာတာကြီးများနှင့်နှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူလူထု

၂၀၀၇ ခုနှစ်၊ မေလတွင် နအဖ အစိုးရနှင့် China Power Investment Corporation တို့ လက်မှတ်ရေးထိုးခဲ့သည့် ဆည်ကြီး (၇) ဆည်၊ ရေကာတာကြီး (၇) ခုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းကို မေခမြစ်ပေါ်ရှိ Liza(လိုင်ဇာ)ဒေသတွင်လည်းကောင်း၊ မလိခမြစ် ပေါ်ရှိ Chibwe(ချီဖွေး) ဒေသ၊ Pashe(ပရှီး) ဒေသ၊ Lakin (လခင်) ဒေသ၊ Phizaw ဒေသ၊ Khaunglanphu (ခေါင်လမ်ဖူး) ဒေသတို့တွင်လည်းကောင်း၊ မေခနှင့် မလိခ ပေါင်းဆုံရာ မြစ်ဆုံဒေသတွင် မြစ်ဆုံ ရေကာတာကိုလည်းကောင်း တည်ဆောက်ကြမည်ဖြစ်သည်။ စီမံကိန်းစတင်လိုက်သည်နှင့်တပြိုင်နက် ဒေသခံပြည်သူ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့၊ စားရမဲ့ သောက်ရမဲ့ ဘဝသို့ ရောက်ကြရသည်။ မြန်မာ့မြေယာစနစ်၊ လယ်ယာအိုးအိမ်ပိုင်ဆိုင်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အဆင့်အတန်းသည် ကမ္ဘာ့စံချိန်၏ အနိမ့်ဆုံးအဆင့်တွင်ရှိကြောင်းကို ဒေသခံကချင်ပြည်သူတို့ မျက်ဝါးထင်ထင် မြင်တွေ့ခံစားခဲ့ကြရသည်။

ယင်းမတိုင်ခင်က ယုဇနကုမ္ပဏီ၏ ဟူးကောင်းချိုင့်ဝှမ်းစီမံကိန်းကြောင့် ကိုယ့်မျက်စိရှေ့မှာတင် အသီးအပွင့်တွေ ဝေဝေဆာဆာဖြစ်နေတဲ့ လိမ်မော်ခြံကြီးကို ဘူဒိုဇာနဲ့ထိုးပြီး ဖျက်ဆီးပစ်တာ မြင်လိုက်ရတော့ ခြံပိုင်ရှင်က နှစ်ရက် သုံးရက်လောက် မအိပ်နိုင် မစားနိုင်ဖြစ်ပြီး သေဆုံးခဲ့ရတယ် ဆိုသည့် ကချင်လူငယ်တဦး၏ ပြောစကားကို ကျွန်တော် ယနေ့အချိန်ထိတိုင်အောင် ကြားယောင်ဆဲဖြစ်သည်။ ယင်း လူငယ်ကပင်ဆက်၍ ၂၀၀၈ ခုနှစ် မြစ်ကြီးနားတက္ကသိုလ်ဝင်းထဲမှာ ကျောင်းသားတွေ ဘိန်းဖြူသုံးပြီး ပစ်ထားတဲ့ ဆေးထိုး အပ်နဲ့ ဆလင်းတွေက မြင်လို့မကောင်းလို့ ဆလင်းနဲ့ဆေးထိုးအပ်ထည့်ဖို့ အိမ်သာတွေထဲမှာ အမှိုက်ပုန်း သီးသန့်ထားပေးထားရတယ်။ တကယ်တော့ အုပ်ချုပ်ရေးအာဏာသက်ရောက်တဲ့ မြစ်ကြီးနားလိုမြို့ပေါ်မှာ ဘိန်းနဲ့ ဘိန်းဖြူ စတဲ့မူးယစ်ဆေးဝါးတွေကို တရားဝင်နီးပါး ရောင်းဝယ်ခွင့်ပြုထားတာဟာ ကျွန်တော်တို့ပြည်သူတွေ လူငယ်တွေကို မျိုးဆက်ပြုန်း အောင်လုပ်နေတယ်လို့ ခံစားရတယ်ဟုဆက်ပြောပါသည်။ ကျွန်တော် အဆိုပါလူငယ်၏စကားကို မည်သို့မှ ထပ်မံ မှတ်ချက်မပြုလိုတော့ပါ။ ကချင်ပြည်နယ်သို့ မရောက်ဘူးသည့်တိုင်အောင် ဒေသခံ ကချင်ပြည်သူလူထု၏ အဘက်ဘက်က ဒုက္ခအဝဝကို ကွက်ကွက်ကွင်းကွင်း သိမြင်ခဲ့ရသည်။

ဒေသခံ ပြည်သူများ ပြောင်းရွှေ့ခံရသည့်အရေး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအပြင် သဘာဝအလှ ဇီဝသတ္တမျိုး ပေါကြွယ်ဝလှသည့် ကမ္ဘာ့အကျော်ကြားဆုံးနေရာ (၈) နေရာတွင်

တခုအပါအဝင်ဖြစ်သည့် ကချင်ပြည်နယ်သည် နအဖ အစိုးရ၏ မစဉ်းစား မဆင်ခြင်လုပ်ရပ်ကြောင့် ပျက်စီးဆုံးရှုံးခြင်းခြင်းအဖြစ်သို့ ရောက်ရပေတော့မည်။ မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂ၏ ကနဦး လူမျိုးစုများ၏ အခွင့်အရေးဆိုင်ရာကြေညာချက် (United Nations Declaration on the Rights of Indigenous Peoples) ကို အတည်ပြုထောက်ခံထားသော်လည်း ဆည်များ၊ ရေကာတာများ တည်ဆောက်သည့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဒေသခံလူမျိုးများကို နေရာ ဒေသ အိုးအိမ်ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်စေ၍ အတင်းအကြပ် ပြောင်းရွှေ့စေရန် အဓမ္မ လုပ်ကိုင်ဆောင်ရွက်ခဲ့ပေသည်။

## မပြဌာန်းနိုင်သေးသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တရပ်မှာ (သို့မဟုတ်) နည်းလမ်းတရပ်မှာ သဘာဝပတ်ဝန်းကျင် အကျိုးရလဒ်ဆိုင်ရာ အကဲဖြတ်တွက်ချက်မှု (Environmental Impact Assessment EIA) ပင်ဖြစ်သည်။ လူမှုအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ၊ စီမံကိန်း၊ စီမံချက်များ (တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဆည် နှင့် ရေကာတာများတည်ဆောက်ခြင်း) စသည်တို့ကို အကောင်အထည်ဖော် မဆောင်ရွက်မီ ပျက်စီးဆုံးရှုံးသွားနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို တွက်ချက်သတ်မှတ်နိုင်ရန် စံပြုသတ်မှတ်ထားသည့် methods များပင်ဖြစ်သည်။ ထို့အပြင် ယင်း (EIA) စံပြုသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတိုင်း နိုင်ငံတိုင်းကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို ထုတ်ပြန်ပြဌာန်း အာဏာတည်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယင်းကဲ့သို့ ဥပဒေများ သတ်မှတ်ပြဌာန်းထားနိုင်ခြင်း ယနေ့အချိန်ထိတိုင်အောင် မရှိသေးသဖြင့် ဆည်နှင့် ရေကာတာများတည်ဆောက်ခြင်းနှင့် အခြားအခြားသော သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သည့် စီမံကိန်း၊ စီမံချက်များကို အစိုးရတရပ်အနေဖြင့် တံခါးမရှိ ဓားမရှိ လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိနေရခြင်းဖြစ်ပေသည်။

## ကျရှုံးရသည့် စီမံကိန်း

နအဖ၏ ရေကာတာစီမံကိန်းများကို ကချင်ပြည်သူလူထုအပြင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ NGO များက ဝိုင်းဝန်းကန့်ကွက်ဆန္ဒပြကြသောကြောင့် သဘာဝပတ်ဝန်းကျင် အကျိုးရလဒ်ဆိုင်ရာ အကဲဖြတ်တွက်ချက်မှု (EIA) ပြုလုပ်နိုင်ရန်အတွက် စီစဉ်ခဲ့သည်။ Biodiversity And Nature Conservation Association (BANCA) အဖွဲ့ကြီးက ကချင်ပြည်နယ်၌ တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ် စီမံကိန်း၊ ဆည်ကြီးများ၊ ရေကာတာကြီးများနှင့် စပ်လျဉ်း၍ အထူးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကာ EIA အကဲဖြတ်တွက်ချက်မှုဆိုင်ရာ အစီရင်ခံစာ တစောင်ကို ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ထုတ်ပြန်ခဲ့သည်။ အကဲဖြတ်တွက်ချက်မှု ပထမအဆင့်တွင်ပင် အဆိုပါအစီရင်ခံစာက ကချင်ပြည်သူလူထုနှင့်အတူ အမိဧရာဝတီအတွက် ဝမ်းသာစရာ သတင်းကောင်းကို ဆောင်ကျဉ်းပေးခဲ့ပါသည်။ သို့ရာတွင် စီမံကိန်းနှင့်ရေကာတာတည်ဆောက်မှုလုပ်ငန်းများကတော့ ရပ်တန့်မသွားခဲ့ပေ။ နိုင် ငံတော်အဆင့် စီမံကိန်းများနှင့် မှားယွင်းသော်လည်း လွယ်လင့်တကူ

ဝန်မခံတတ်သည့် အာဏာရှင်အစိုးရ၊ အခြားတဖက်တွင် စီမံကိန်းအတွက် ချုပ်ဆိုထားသည့် သဘောတူစာချုပ်၊ ဖျက်သိမ်းပါက ပေးလျော်လိုက်ရမည့် လျော်ကြေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေးအကြားတွင် မျက်နှာပျက်စေမည့်အဖြစ်၊ စသည်တို့က ဒုက္ခခံပြည်သူတို့နှင့် အမိဧရာဝတီကို ကျောခိုင်း လျစ်လျူရှုရန် တွန်းအားပေးလျက်ရှိလေသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၂၉၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် (က–၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ (က–၂) အာဏာပေးစာချွန်တော်အမိန့်၊ (က–၃) တားမြစ်စေစာချွန်တော်အမိန့်၊ (က–၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊ (က–၅) အမှုခေါ်စာချွန်တော်အမိန့် တို့ကို ထုတ်ဆင့်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်ရှိသည့် တရားစီရင်ရေးစနစ် တည်ရှိသည်မှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအနဲစုသာဖြစ်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ မှားယွင်းလုပ်ဆောင်မှုများကို တရားစီရင်ရေးမှ ဝင်ရောက်ထိန်းသိမ်းပေးနိုင်ခြင်းနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခွင့်ရေးချိုးဖောက်ခြင်းလုပ်ရပ်များကို တရားစီရင်ရေးမှ ဝင်ရောက်တားဆီးပေးနိုင်သည့် အာဏာများပင်ဖြစ်သည်။ တားမြစ်စေ စာချွန်တော်အမိန့်၏ ရည်ရွယ်ချက်သည် ပြည်ထောင်စုတရားရုံးချုပ်၏ လက်အောက်ခံမဟုတ်သော အုပ်ချုပ်ရေးဆိုင်ရာ ဌာနတခုခုမှဖြစ်စေ၊ တစုံတဦးကဖြစ်စေ ၎င်းအား ဥပဒေအရ အပ်နှင်းထားသော အာဏာကို ကျူးလွန်၍ အမိန့်တခုခုကြောင့် ပြည်သူတဦးတယောက်၏ အခွင့်အရေးကို ထိပါးလျှင်ဖြစ်စေ (သို့မဟုတ်) အစိုးရဌာနတခုခုအား အပ်နှင်း၍မထားသော အာဏာကို အသုံးပြုခြင်းမှ တားမြစ်ရန်ဖြစ်စေ၊ တားမြစ်စေ စာချွန်တော်အမိန့်ဖြင့် တားမြစ်ပေးရန် လျှောက်ထားနိုင်သည်။ အဓိပ္ပာယ်မှာ တားမြစ်စေ စာချွန်တော်အမိန့်သည် အောက်ရုံး၏ အာဏာကျူးနေမှုကို တားမြစ်သောအမိန့်ဖြစ်သည်။ တနည်းအားဖြင့် ပြုလုပ်ပြီးသည့် ကိစ္စများအပေါ် တားမြစ်ပြုပြင်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် တည်ဆောက်လျက်ရှိသော ရေကာတာများကို ဆောက်လုပ်ဆဲအဆင့်တွင် ရပ်ဆိုင်းထားနိုင်ရန် ဦးစွာပထမ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းသို့ ပြုလုပ်ရန်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန် ဦးစွာပထမ လျှောက်ထားကြရမည်ဖြစ်သည်။ ကချင်ပြည်သူလူထုကိုယ်စား ယနေ့ လွှတ်တော်သို့ တက်ရောက်ခွင့်ရလျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အားလုံးတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကချင်ပြည်နယ်ရေကာတာများမှသည် နောင်ဖြစ်ပေါ်လာနိုင်သည့် မြန်မာ့သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ရည်ရွယ်လျက် အလေးထားဆောင်ရွက်ကြမည်ဆိုပါက မည်မျှပင်ခက်ခဲစေကာမူ ဥပဒေများနှင့်အညီ ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

လွှတ်တော်များတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်

ရေးကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ (၇-၃-၂၀၁၁) ရက်နေ့ ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေး၊ ပဉ္စမနေ့ရက်တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ပြည်သူ့လွှတ်တော်ကော်မတီကို ကဝမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍လည်းကောင်း၊ ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍လည်းကောင်း၊ ကော်မတီဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ယင်းနေ့တွင်ပင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး အမျိုးသားလွှတ်တော်ကော်မတီကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်-၁ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် – ၅ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်၍လည်းကောင်း ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းကော်မတီများအနေဖြင့် ယခင် နအဖ အစိုးရလက်ထက် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို တောင်းခေါ်စိစစ်ရမည်ဖြစ်ပါသည်။ ယင်းသို့ စိစစ်နိုင်ရေးအတွက်လည်း အခြားသော လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် အမျိုးသားနိုင်ငံရေးအင်အားစုများအားလုံးက တောင်းဆိုသင့်ပါသည်။ အထူးသဖြင့် ကချင်ပြည်၌ တည်ဆောက်လျက်ရှိသည့် ရေကာတာများနှင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို စိစစ်၍ တိုင်းပြည်နှင့်လူထုကို အကျိုးပြုသည့် အကြံပြုချက်များကို လွှတ်တော်အသီးသီးသို့ ပြန်လည်တင်ပြသင့်ပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

၂၀၁၁ ခုနှစ်၊ မေလအတွင်းက ဖွဲ့စည်းခဲ့သည့် လက်တွေ့အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ (၄၀) ထဲတွင် ပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အနေဖြင့် ကချင်ပြည်နယ်ရှိ ရေကာတာများနှင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ကို အမှန်တကယ် ထိခိုက်ဆုံးရှုံးနစ်နာနိုင်မည့် ပမာဏကို အမှန်အတိုင်း လေ့လာစုံစမ်းလျက် သက်ဆိုင်ရာ လွှတ်တော်အသီးသီးသို့လည်းကောင်း၊ ပြည်သူလူထုသို့လည်းကောင်း တင်ပြသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

၁။ Biodiversity And Nature Conservation Association (BANCA) . EIA report

၂။ The Burma Environmental Working Group (BEWG) . Burma’s Environment: People˜ Problem˜ Politics

၃။ ရောဝတီကိုကယ်တင်ကြစို့ – ဦးအောင်ဒင်

၄။ မြစ်ဆုံရေကာတာနဲ့စစ်ပွဲဆောင်းပါး

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ သမိုင်းဝင်မှတ်တမ်းမှတ်ရာများ – ဦးခင်ကျော်ဟန်

# ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် မြန်မာနိုင်ငံ့ဥပဒေလိုအပ်ချက်များ

*စောကျော်ကျော်မင်း*

## ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေး/ပင်လယ်ရေကြောင်း ကုန်သွယ်ရေး

နိုင်ငံအချင်းချင်းဆက်ဆံရေးတွင်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးတွင်လည်းကောင်း၊ လူသားတို့သည် ပင်လယ်ရေကြောင်းကို ရှေးနှစ်ပေါင်းများစွာကတည်းကပင် အသုံးပြုခဲ့ကြသည်။ ယင်းကဲ့သို့ ပင်လယ်ရေကြောင်းကို အသုံးပြုခဲ့ကြခြင်းအားဖြင့် ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာ လုံခြုံရေး၊ သဘာဝပင်လယ်ကို ထိန်းသိမ်းစောင့်ရှောက်ရေး အပါအဝင်၊ နိုင်ငံများ၏ ပင်လယ်ရေပိုင်နက် နယ်နိမိတ်သတ်မှတ်ခြင်း စသည်တို့သည် တနိုင်ငံချင်းစီက လုပ်ကိုင်ဆောင်ရွက်နေသည်ဆိုခြင်းထက်၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခြင်းအားဖြင့် ပိုမိုထိရောက် အောင်မြင်နိုင်မည်ဟု ယုံကြည်လာခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်ကာ ပင်လယ်ရေကြောင်းနှင့် သက်ဆိုင်သည့် ကူးသန်းရောင်းဝယ်ရေး၊ လုံခြုံရေး၊ သဘာဝပင်လယ်ပြင် ကိုထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ကိစ္စ အဝဝကို ဖြေရှင်းနိုင်ရန်အတွက်၊ နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့ (INTERNATION AL MARITIME ORGANIZATION-IMO) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

## နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့ (International Maritime Organization-IMO)

ဆယ်နှစ်တာကာလအတွင်း ၁၉၅၈ ခုနှစ် တွင် (IMO) အဖွဲ့သည် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ (IMO) သည် ကုလသမဂ္ဂ၏ အထူးအေဂျင်စီ (Specialize Agency) တခုဖြစ်ပြီး၊ United Kingdom တွင် IMO ရုံးကို ဖွင့်လှစ်ထားရှိသည်။ ၂၀၁၁ ခုနှစ်အထိ အဖွဲ့ဝင်အဖြစ် နိုင်ငံပေါင်း (၁၆၀) ပါဝင်ကာ နှစ်နိုင်ငံမှာ (Associate

Member) ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ ညီလာခံကို (၂)နှစ်လျှင် တကြိမ်ကျင်းပပြီး၊ ယင်းညီလာခံမှ (၃၂) ဦးပါဝင်သည့် အုပ်ချုပ်ရေးအဖွဲ့ (Governing Body) ကိုရွေးချယ်သည်။

## IMO နည်းပညာပိုင်းဆိုင်ရာ ကော်မတီနှင့်ကော်မတီခွဲများ

IMO သည် နည်းပညာပိုင်းဆိုင်ရာ အဖွဲ့အစည်းတရပ်ဖြစ်ပြီး၊ ၎င်း၏ လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီများ (Committees) နှင့် ကော်မတီခွဲများ (Sub-Committees) ကိုဖွဲ့စည်းထားရှိသည်။ ပင်လယ်ရေကြောင်း လုံခြုံရေး ဆိုင်ရာကော်မတီ (Maritime Safety Committee) သည် ဦးစွာဖွဲ့စည်းသည့် ကော်မတီတရပ်ဖြစ်ပြီး၊ ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများအပြင်၊ ပင်လယ်ရေကြောင်းသွားလာသည့် သင်္ဘောများမှ ထွက်ရှိသည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမည့် ဆိုးကျိုးများကို ကာကွယ်တားဆီးနိုင်ရန်အတွက် ပင်လယ်ရေကြောင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးကော်မတီ (Maritime Environment Protection Committee) ကိုလည်း ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ တွင် ဖွဲ့စည်းခဲ့သည်။

ကော်မတီခွဲများမှာ ပင်လယ်ရေကြောင်းသွားလာမှု လုံခြုံရေးဆိုင်ရာကော်မတီ (Safety of Navigation NAV)၊ ကြားခံဆက်သွယ်ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ကော်မတီ (Radio communication and Search and Rescue COMSAR) / Training and Watch keeping (STW) ကော်မတီ၊ အန္တရာယ်ရှိသော ကုန်စည်များ၊ အရာဝတ္ထုများနှင့် ကွန်တိန်နာများ သယ်ယူပို့ဆောင်ခြင်းနှင့် သက်ဆိုင်သော ကော်မတီ Carriage of Dangerous Goods/ Solid Cargoes and Containers (DSC)၊ Ship Design and Equipment (DE) ကော်မတီ ၊ Fire Production (FP) ကော်မတီ၊ Stability and Load Lines and Fishing Vessel Safety (SLF) ကော်မတီ၊ Flag State and Implementation (FSI) ကော်မတီ၊ Bulk Liquids and Gases (BLG) ကော်မတီ စသည်တို့ဖြစ်ကြသည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် (Torrey Canyon) ပြဿနာ ပေါ်ပေါက်လာသောအခါတွင် အဆိုပါကဲ့သို့ ပင်လယ်ရေကြောင်းဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ဥပဒေရေးရာကော်မတီ (Legal Committee) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

# ညီလာခံနှင့်သဘောတူညီချက် ဥပဒေများ

IMO သည်ယနေ့အချိန်အထိ Conventions နှင့် Protocols (40) ကျင်းပခဲ့ပြီး၊ ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေး၊ သဘာဝပင်လယ် ပြင်ညစ်ညမ်းစေခြင်းမှ ကာကွယ်စောင့်ရှောက်ရေး စသည်တို့အတွက် မူဝါဒ၊ စည်းမျဉ်း၊ နည်းဥပဒေပေါင်း (၈၀၀) ကျော်ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပင်လယ်ရေကြောင်းကို အသုံးပြု၍ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ဖြတ်သန်းသွားလာခြင်းများနှင့် ပင်လယ်ရေ ကြောင်းညစ်ညမ်းစေခြင်းမှ ကာကွယ်တားဆီးရေးတို့အတွက် နိုင်ငံများအနေဖြင့် IMO မှ ပြဋ္ဌာန်းထားသည့် အဆိုပါ မူဝါဒ၊ စည်းမျဉ်းနှင့် နည်းဥပဒေများကို လေးစားလိုက်နာလျက် ပြည်တွင်းဥပဒေများအဖြစ် ပြန်လည်ပြဋ္ဌာန်းကြရမည်ဖြစ်သည်။

International Maritime Dangerous Goods Code (IMDG Code – first adopted in 1965) အန္တရာယ်ရှိသည့်ကုန်စည်များကူးသန်း ရောင်းဝယ်ခြင်းဆိုင်ရာ နိုင်ငံတကာဥပဒေ၊ Code of Safe Practice for Solid Bulk Cargoes (BC Code – 1965)၊ နိုင်ငံတကာရေ ကြောင်းအချက်ပြစနစ် ဥပဒေ International Code of Signals (ICS)၊ အန္တ ရာယ်ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများနှင့် ကုန်စည်များသယ်ဆောင်နိုင်ရန်အတွက် သင်္ဘောအရည်အသွေးသတ်မှတ်ချက်နှင့် လိုအပ်ပစ္စည်းများပြဋ္ဌာန်းသည့်ဥပဒေ (Code for Construction and Equipment of Ship Carrying Dangerous Chemicals in Bulk (BCH Code – 1971)၊ Code of Safe Practice for Ships Carrying Timber Deck Cargoes (1973)၊ Code of Safety for Fishermen and Fishing Vessels (1974)၊ Code for the Construction and Equipment of Ships Carrying Liquefied Gases in Bulk (1975)၊ Code of Safety for Dynamically Supported Craft (1977)၊ Code for the Construction and Equipment of Mobile Offshore Drilling Units (MODU Code – 1979) / Code of Safety for Nuclear Merchant Ships (1981)၊ Code of Safety for Special Purpose Ships (1983)၊ International Gas Carrier Code (IGC Code – 1983)၊ International Gas Carrier Code (IGC Code – 1983) International Bulk Chemicals Code (IBC Code – 1983) Code of Safety for Diving Systems (1983) International Code for the Safe Carriage of Grain in Bulk (International Grain Code – 1991) International Safety Management Code (ISM Code – 1993) International Code of Safety

for High Speed Craft (HSC Code – 1994 and 2000) International Life-Saving Appliance Code (LSA Code – 1996) International Code for Application of Fire Test Procedures (FTP Code – 1996) Technical Code on Control of Emission of Nitrogen Oxides from Marine Diesel Engines (NOX Technical Code – 1997) စသည်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးထားသည့်အနက် ပင်လယ်ရေကြောင်းနှင့်သက်ဆိုင်သည့် စာချုပ်များကို လက်မှတ်ရေးထိုးထားသည်မှာ အများဆုံးဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံရပ်ခြားတိုင်းပြည်များ ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်လည်းကောင်း၊ အဆိုပါစာချုပ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း

မြန်မာနိုင်ငံတွင် ဒေါ်လာ (၅၈) ဘီလီယံတန်ဖိုးရှိ ရေနက်ဆိပ်ကမ်းအပါအဝင်၊ စက်မှုဇုန်များ တည်ဆောက်နိုင်ရေးအတွက် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအစိုးရများက သဘောတူညီထားခဲ့ပြီးဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင်၊ စင်္ကာပူနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများ (ASEAN) ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ အထူးအစည်းအဝေးပွဲတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ထားဝယ်ရေနက်ဆိပ်ကမ်းအပါအဝင်၊ စက်မှုဇုန်များ၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်စေနိုင်မည့် ကားလမ်းနှင့် ရထားလမ်းများ ဖောက်လုပ်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding MOU) ကို ပထမဦးစွာလက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

တိကျစွာဖော်ပြရပါလျှင်၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့သည် အောက်ဖော်ပြပါ စီမံကိန်းများကို ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်။

(က) ထားဝယ်တွင်ရေနက်ဆိပ်ကမ်းတည်ဆောက်ရန်၊

(ခ) ထားဝယ်နှင့်ဘန်ကောက် ဆက်သွယ်သွားလာနိုင်မည့် အဝေးပြေးကားလမ်းမကြီး ဖောက်လုပ်ရန်၊

(ဂ) ထားဝယ်နှင့်ဘန်ကောက်ကြားတွင် ဆက်သွယ်သွားလာနိုင်မည့် နှစ်နိုင်ငံနယ်စပ်ဂိတ် တည်ဆောက်ရန်၊

(ဃ) နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ လိုအပ်သည့် အခြားသော စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စသည်တို့ဖြစ်ကြပါသည်။

တနင်္သာရီတိုင်း၊ ထားဝယ်မြို့အနီး မောင်းမကန်ကမ်းခြေ အထက်ပိုင်း နဘူးလယ်ကျေးရွာနှင့် ပင်လယ်ဘက် ဟိန်းဇဲကျွန်းစုအကြားတွင် တည်ဆောက်မည်ဖြစ်ပြီး၊ စီမံကိန်းနှင့်မလွတ်သည့် အနီးဝန်းကျင်ရှိကျေးရွာ (၁၂) ရွာကျော် ပြောင်းရွှေ့ပေးရမည် ဖြစ်သည်။

ယင်းကဲ့သို့နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခြင်းမတိုင်ခင် ၂၀၀၅ ခုနှစ် ကတည်းကပင် ထိုင်းနိုင်ငံမှ ပညာရှင်များသည် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးဇုန် တည်ဆောက်နိုင်ရန်အတွက် ကြိုတင်လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန် တည်ဆောက်ခြင်း စီမံကိန်းတွင် အဆင့် (၅) ဆင့်ပါဝင်သည်။ ကြိုတင်လေ့လာမှုအဆင့် (initial phase)၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအဆင့် (preparation phase) ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့် (၁) (Construction Phase-1) ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့်(၂) (Construction Phase-2) ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့် (၃) (Construction Phase-3) စသည်တို့ဖြစ်ကြသည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စီမံကိန်းကို ဆယ်စုနှစ်အတွင်း အပြီးတည်ဆောက်မည်ဟု လျာထားသည်။

စက်မှုဇုန်များကို ဇုန် (A) မှန် ဇုန် (F) အထိတည်ဆောက်မည်ဖြစ်သည်။ ဇုန် (A) တွင် တန်ချိန် (၂) သောင်းမှ (၅)သောင်းအထိရှိသော သင်္ဘော (၂၂) စင်း တပြိုင်တည်းဆိုက်ကပ်ကုန်တင်ကုန်ချပြုလုပ်နိုင်မည့် ဆိပ်ခံတံတား (၂) ခုကိုလည်းကောင်း၊ အကြီးစားစက်မှုဇုန်ကိုလည်းကောင်း တည်ဆောက်မည်ဖြစ်ပြီး၊ ဇုန် (B) ရေနံနှင့်သဘာဝဓာတ်ငွေ့ သိုလှောင်ရုံ၊ ရေနံချက်စက်ရုံ၊ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံ၊ စသည့် စက်ရုံများကို တည်ဆောက်မည်ဖြစ်ပြီး၊ ဇုန် (C) တွင်ရေနံနှင့် ဓာတုဆိုင်ရာစက်ရုံ၊ ဇုန် (D) တွင် အထည်အလိပ်စက်ရုံ၊ ကားတာယာစက်ရုံ၊ ဆောက်လုပ်ရေးပစ္စည်းစက်ရုံများကို တည်ဆောက်မည်ဖြစ်သည်။ ဇုန် (E) နှင့် ဇုန် (F) တွင် အဝတ်အစားစက်ရုံ၊ အစားအသောက်စက်ရုံများ၊ လျှပ်စစ်ပစ္စည်းစက်ရုံများ၊ ကုန်တိုက်များ၊ ကုန်သွယ်ရေးအဆောက်အအုံများ၊ အုပ်ချုပ်ရေးအဆောက်အုံများ၊ ကျောင်း၊ ဆေးရုံနှင့် လူနေအိမ်များ ပါဝင်မည်ဖြစ်သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို Italian Thailand Development ကုမ္ပဏီမှ အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်သည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များကလည်း ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှု ဇုန်များတွင် ရင်းနှီးမြှုပ်နှံနိုင်ကြရန် များစွာစိတ်ဝင်စားလျက်ရှိသည်။

## မြေနေရာအကျယ်အဝန်း

အထက်ဖော်ပြပါ ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးစက်မှုဇုန်များ တည်ဆောက်နိုင်ရန် အတွက် မြေနေရာဧက ဟက်တာ (၆၄၀၀၀) ကို အသုံးပြုရမည်ဖြစ်ပြီး၊ တနင်္သာရီတိုင်း ထားဝယ် မြို့အနီး မောင်းမကန်ကမ်းခြေအထက်ပိုင်းရှိ နဘူးလယ်ကျေးရွာနှင့် ပင်လယ်ဘက်ရှိ ဟိန်းဇဲကျွန်း စုအကြားတွင် တည်ဆောက်မည်ဖြစ်ကာ ဒေသခံရွာပေါင်း (၁၂) ရွာကျော် စီးပွားရေးဇုန် တည် ဆောက်မည့်ဧရိယာနှင့် မလွတ်ကင်းဟု သိရသည်။ အဆိုပါဒေသခံရွာများ ပြောင်းရွှေ့ပေးရမည် ဆိုပါကလည်း ထိုက်တန်သည့် လျော်ကြေး နစ်နာကြေးနှင့် ယခင်မြေနေရာတည်ရှိခဲ့သည့် အခြေအနေများနှင့်အညီ ရရှိခံစားခဲ့ရသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကာမိစေနိုင်သည့် ကုစားခွင့်မျိုးကို အစားထိုးပေးရမည်ဖြစ်သည်။

## မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသောပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာဥပဒေ

မြန်မာနိုင်ငံတွင် ရေကြောင်းလမ်းပြမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဥပဒေများအတွဲ (၇) တွင် ၁၈၈၃ ခုနှစ်၊ ရေကြောင်းလမ်းပြများအက်ဥပဒေ (The Pilots Act-1883) ၊ ၁၉၀၅ ခုနှစ် ရန်ကုန်ဆိပ်ကမ်းဥပဒေ (The Rangoon Port Act-1905) ၊ ၁၉၀၈ ခုနှစ် ဆိပ်ကမ်းများအက် ဥပဒေ (The Ports Act-1908) တို့တွင်ပြဋ္ဌာန်းထားပြီး အဓိကအားဖြင့် နိုင်ငံတော်သမ္မတအနေဖြင့် အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်ကို ရေကြောင်းလမ်းပြအဖြစ် ခန့်ထားနိုင်သည့် ပြဋ္ဌာန်းချက်များနှင့် ရေကြောင်းလမ်းပြများကို လိုင်စင်ထုတ်ပေးနိုင်ခြင်း၊ လိုင်စင်ပယ်ဖျက်နိုင်ခြင်း၊ ရေကြောင်းလမ်းပြများ၏ အခွင့်အာဏာ၊ ရေကြောင်းလမ်းပြ၏ ဆောင်ရွက်မှုကြောင့် သင်္ဘောပိုင်ရှင်တွင် တာဝန်ရှိပုံ၊ ရေကြောင်းလမ်းပြနှင့် ရေယာဉ်မှူးတို့ အကြား ဆက်သွယ်မှု၊ ရေကြောင်းလမ်းပြရရန်ရှိသော ပင်လယ်ရေကြောင်းအခွင့်အရေးများနှင့် ရေကြောင်းလမ်းပြဆိုင်ရာ အချက်ပြမှုများကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သင်္ဘောကပ္ပတိန်(သို့) ရေယာဉ်မှူးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သင်္ဘောသားများနှင့် စပ်လျဉ်း၍လည်းကောင်း မြန်မာနိုင်ငံတွင် ဥပဒေများပြဋ္ဌာန်းထားသည်။

ကုန်သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ – ဘေးအန္တရာယ် ကင်း ရှင်းရေးဆိုင်ရာ အထွေထွေပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ပင်လယ်ခရီးသွားလာရန် အရည်အချင်းပြည့်ဝမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ သင်္ဘောသားများအပေါ် သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှု ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ လုံခြုံမှုမရှိသော သင်္ဘောများ အား ထိန်းသိမ်းရန် အခွင့်အာဏာပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ သင်္ဘောသားများသည် ၎င်းတို့၏ သင်္ဘော ပင်လယ်ခရီးသွားရန် အရည်အချင်းမပြည့်ဝခြင်း သို့မဟုတ် လုံခြုံမှုမရှိခြင်းဟု

အကြောင်းပြ၍ ခုခံကာကွယ်နိုင်သည့် အခွင့်အရေးများနှင့် အသက်ကယ်ပစ္စည်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို လည်းကောင်း –

ခရီးသည်တင်သင်္ဘောများ ဘေးအန္တရာယ်လုံခြုံရေးနှင့်စပ်လျဉ်း၍ – ခရီးသည် ဘေးအန္တရာယ်ကင်းရှင်းရေး လက်မှတ်ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ခရီးသည်တင်သင်္ဘောများအား စစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ခရီးသည်တင်သင်္ဘောလက်မှတ်တွင်ပါရှိရမည့် အချက်အလက်များ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ခရီးသည်ဘေးအန္တရာယ်ကင်းရှင်းရေးလက်မှတ်ကို တင်ပြခြင်း၊ ခရီးသည် ဘေးအန္တရာယ်ကင်းရှင်းရေး လက်မှတ်နှင့်စပ်လျဉ်းသောပြစ်မှုများ၊ သဘောတူစာချုပ်များအရ ဘေးအန္တရာယ်ကင်းရှင်းရေးလက်မှတ်များ ပြဋ္ဌာန်းချက်၊ ခရီးတိုဘေးအန္တရာယ်ကင်းရှင်းရေး လက်မှတ်များ အရည်အချင်းပြည့်ဝသော ခရီးတို သွားလာရေးဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေး လက်မှတ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကင်းလွတ်ခွင့်လက်မှတ်များ၏ သက်တမ်းပြဋ္ဌာန်းချက်၊ သဘောတူစာချုပ် ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ သင်္ဘောစင်းလုံးငှားရမ်းမှုများ ပဋိညာဉ်စာချုပ်များနှင့် ကုန်တင်လက်မှတ်များဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ကာလပေါင်းများစွာကတည်းက ပြဋ္ဌာန်းချက်များဖြစ်သောကြောင့် ခေတ်ကာလ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်များနှင့် ပြင်ဆင်အစားထိုး ပြဋ္ဌာန်းကြရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် သဘာဝပင်လယ်ပြင်ညစ်ညမ်းစေခြင်းကို ကာကွယ်တားဆီးနိုင်သည့် ဥပဒေ ပြဋ္ဌာန်းချက်များ ယနေ့ထိတိုင်အောင် ပြဋ္ဌာန်းထားခြင်းမရှိသေးသည်ကို တွေ့ရှိရသည်။ ယင်းမှာ ပင်လယ်ရေကြောင်းအသုံးပြု သွားလာရေးနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ သဘောတူစာချုပ်များနှင့် သက်ဆိုင်နေခြင်းဖြစ်သည်။

## ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေ

## (The Dawei Special Economic Zone Law)

ယခင် နအဖ အစိုးရလက်ထက်တွင် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေကို အောက်ပါရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင်ပြဋ္ဌာန်းထားသည်။

- အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းစေရန်။
- ထားဝယ်အထူးစီးပွားရေးဇုန်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်။
- ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်

အလမ်းများ ပိုမိုဖန်တီးပေးရန်၊

– ထားဝယ် အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စသည်တို့ဖြစ်ကြသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာ့အထူးစီးပွားရေးဇုန်များ ဥပဒေပုဒ်မ – ၄ အရ နအဖ က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ဖော်ပြပါ ဇုန်များပါဝင်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေ ပုဒ်မ (၅) တွင်ပြဋ္ဌာန်းထားသည်။

– အဆင့်မြင့်နည်းပညာစက်မှုဇုန်များ၊
– သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဇုန်များ၊
– ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်များ၊
– ဆိပ်ကမ်းနယ်မြေဇုန်များ၊
– ထောက်ပံ့ရေးနှင့်သယ်ယူပို့ဆောင်ရေးဇုန်များ၊
– သိပ္ပံနှင့်နည်းပညာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊
– ဝန်ဆောင်မှုလုပ်ငန်းဇုန်များ၊
– တဆင့်ခံကုန်သွယ်မှုဇုန်များ၊
– အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်ဇုန်များ စသည်တို့ဖြစ်ကြသည်။

ထို့ပြင် ယင်းကဲ့သို့ သတ်မှတ်ထားသည့် ဇုန်များနှင့်အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံသူတို့အနေဖြင့်လည်း သတ်မှတ်ထားသည့် စက်မှုလက်မှုလုပ်ငန်းများအတိုင်း ရင်းနှီးမြုပ်နှံ လုပ်ကိုင်နိုင်ကြောင်းကို အဆိုပါဥပဒေ၏ ပုဒ်မ (၇) တွင်ပြဋ္ဌာန်းထားသည်။ ဦးစားပေးလုပ်ကိုင်ကြစေရန်အတွက်

– အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ၊
– နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ထွန်းစေမည့်လုပ်ငန်းများ၊
– ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှုပိုမိုတိုးမြင့်စေမည့်လုပ်ငန်းများ၊
– အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊
– နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည့်လုပ်ငန်းများ၊
– နိုင်ငံခြားရင်းနှီးမြုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံသား ရင်းနှီးမြုပ်နှံမှုပါဝင်သည့် လုပ်ငန်းများ၊
– သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊
– ဦးစားပေးလုပ်ကိုင်ရန် ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်

ငန်းများ၊ စသည့်လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်စေရန် အစိုးရအဖွဲ့က အားပေးမည်ဖြစ်ကြောင်း ပုဒ်မ – ၈ တွင်ပြဋ္ဌာန်းထားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးစက်မှုဇုန်အတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတရပ်ကို ဖွဲ့စည်းအုပ်ချုပ်စေပြီး ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့် တာဝန်ရှိသူဖြစ်၍ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးမှတဆင့် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တာဝန်ခံရမည်ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဋ္ဌာန်းချက်

ထားဝယ်အထူးစီးပွားရေးစက်မှုဇုန်ဥပဒေတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပုဒ်မ (၁၀) ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (ည)တွင် ထားဝယ်အထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံသုံး စွန့်ပစ်ပစ္စည်း စွန့်ပစ်ရေးစနစ်ကို စိစစ်ခြင်းနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ကိုက်ညီစေရန် ရင်းနှီးတည်ထောင်သူ (သို့မဟုတ်) ရင်းနှီးမြုပ်နှံသူအား ဆောင်ရွက်စေခြင်း ဟူ၍ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံရှိ ဥပဒေအသီးသီးသည် အလျဉ်အမြန် ဆုတ်ယုတ်ပျက်စီးလာသော သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ကာကွယ်နိုင်လောက်အောင်အထိ ပြဋ္ဌာန်းထားသည့်ဥပဒေများမဟုတ်ကြပါ။ ထို့ပြင် အထူးသဖြင့် သဘာဝပင်လယ်ပြင် ညစ်ညမ်းစေခြင်းနှင့်စပ်လျဉ်း၍ ကာကွယ်တားဆီးနိုင်စေရန် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ မရှိသေးပါ။ ထားဝယ် ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ အထူးစီးပွားရေးစက်မှုဇုန်သို့လည်းကောင်း လာရောက်ရင်းနှီးမြုပ်နှံကုန်သွယ်ကြမည့် ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံသူများအနေဖြင့် အကျိုးအမြတ်ရရှိရေးအတွက် အမှန်တကယ်အားဖြင့် အလေးအနက်ထား လုပ်ကိုင်ကြမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ သဘာဝပင်လယ်ပြင် ညစ်ညမ်းစေခြင်းမှ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ မြန်မာနိုင်ငံအတွက် လွန်စွာအရေးကြီးသော ကဏ္ဍမှ ပါဝင်လာပြီဖြစ်သည်။ ၃၂၆ ၉၀၀

စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ စနစ်တကျ စိစစ်နိုင်ခြင်းမရှိပါက ဒေသတွင်းနေထိုင်ကြသည့် ပြည်သူလူထုတွက် ဆိုးကျိုးများစွာ သက်ရောက်စေမည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးအထူးစက်မှုဇုန်သည် နိုင်ငံ၏ စီးပွားရေးအတွက် ဦးမော့လာစေနိုင်မည့် လုပ်ငန်းများဖြစ်သည်ဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်သော်လည်း အခြားတဖက်တွင် ဖြစ်ပေါ်လာ

နိုင်သည့် ပင်လယ်ပြင်ညစ်ညမ်းခြင်း၊ တောတောင်များပြုန်းတီးခြင်း၊ စွန့်ပစ် ပစ္စည်းများကြောင့် ဇီဝမျိုးစိတ်များ ပျက်သုဉ်းနိုင်ခြင်း၊ ဒေသတွင်းပြည်သူများ၏ ကျန်းမာရေးထိခိုက် စေနိုင်မည့် အခြေအနေများနှင့် လေထုရေထု ညစ်ညမ်းစေနိုင်ခြင်း၊ စသည့် ဆိုးကျိုးများအတွက်လည်း ထည့်သွင်း စဉ်းစားတွက်ချက်ကြ ရမည်ဖြစ်သည်။

လူမှုအဆောက်အအုံများဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့မှာ ပဋိပက္ခ ဖြစ်လေ့ရှိသည်မှာ အစဉ်အလာဖြစ်သည်။ ယင်းပဋိက္ခများအကြားတွင်ပြေလည်မှုရရှိစေနိုင်သည်မှာ တိကျပြတ်သားသည့် စည်းမျဉ်းဥပဒေများနှင့် ယင်းဥပဒေများကို တိကျသေချာစွာ အကောင်အထည်ဖော်ဆောင်ရွက် စေနိုင်ခြင်းပင်ဖြစ်သည်။

## စံပြုရမည့်နိုင်ငံတကာစည်းမျဉ်းဥပဒေသများ

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတနိုင်ငံသည် မိမိတဦးယောက် တသင်းတဖွဲ့တည်း ရပ်တည်လို့မရနိုင်သကဲ့သို့ နိုင်ငံတကာဥပဒေ၏ မျက်မှောက်တွင် နိုင်ငံတနိုင်ငံကို လူသားတဦး တယောက်အဖြစ်သတ်မှတ်သည်။ ထို့ကြောင့် နိုင်ငံတကာဥပဒေကပြဋ္ဌာန်းထားသည့် စည်းမျဉ်းဥပဒေသများကို နိုင်ငံများကလေးစားလိုက်နာရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်း ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးအတွက် နိုင်ငံတကာ ပင်လယ်ရေကြောင်းဆိုင်ရာ အဖွဲ့ (IMO) စည်းမျဉ်းများနှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းဥပဒေများ၊ စာချုပ်စာတမ်းများနှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း၊ ယင်းဥပဒေများကို အတိအကျ လေးစားလိုက်နာစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ထားဝယ်စီးပွားရေး အထူး စက်မှုဇုန် တည်ဆောက်မှုလုပ်ငန်းကို အားဖြည့်ရမည်ဖြစ်သည်။ ထို့ပြင် စက်မှုဇုန်များ ပေါ်ပေါက်လာသည်နှင့်အမျှ အခြားတဖက်တွင် လုပ်သားလိုအပ်ချက်များ ဖြစ်ပေါ်လာမည် ဖြစ်သည်။ လုပ်သားလိုအပ်ချက်များနှင့်အညီ လုပ်သားများ၏ အခွင့်အရေးဆိုင်ရာ လိုအပ်ချက်များလည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများအခြေခံ ရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေအပါအဝင်၊ အလုပ်သမားများနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေပေါင်း (၂၀) ရှိသည်။ အဆိုပါဥပဒေများသည် နိုင်ငံတကာ အလုပ်သမား စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်သည့်အပြင်၊ အလုပ်သမားများ၏ အခွင့်အရေးများကိုလည်း အာမခံပေးနိုင်သည့်ဥပဒေများမဟုတ်ကြပါ။

ထို့ကြောင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်ခြင်း လုပ်ငန်းများတွင် –

(၁) နိုင်ငံတကာ စည်းမျဉ်းဥပဒေများနှင့်အညီ ပင်လယ်ရေကြောင်း ကုန်သွယ်ကူးသန်းရောင်းဝယ်ရေးနှင့် ပင်လယ်ပြင်ညစ်ညမ်းခြင်းမှ ကာကွယ်တားဆီးနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းရေး၊

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊

(၃) အလုပ်သမားများ၏ အခွင့်အရေးများကို အပြည့်အဝ အာမခံပေးနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊

စသည်တို့ကို လွှတ်တော်များမှလည်းကောင်း၊ ဦးသိန်းစိန် အစိုးရမှလည်းကောင်း အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


၁။ IMO ညီလာခံများ၊ စာချုပ်များ၊

၂။ ထားဝယ်ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် စိန်ခေါ်မှုများဆောင်းပါး (နိုင်ကျော်)

၃။ သင်္ဘောများသွားလာရေးဆိုင်ရာ ဥပဒေပို့ချချက်များ – ရန်ကုန်တက္ကသိုလ်၊

၄။ စက်ရုံ၊ အလုပ်ရုံများ၊ ဆိုင်များ၊ အလုပ်ဌာနများနှင့် အလုပ်သမားဥပဒေများအကြောင်း သိကောင်းစရာ (ဦးကျော်ဇေယျ)

၅။ Eleven Media Group၊၊ ၂.၈.၂၀၁၁ ဦးကျော်မျိုးဝင်းနှင့်အင်တာဗျူး၊

# အရေးမှားပြီး အယူအဆအမှားများ မပေးစေလို

*(စောကျော်ကျော်မင်း)*

(၄၊ ၇၊ ၂၀၁၁) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင်အသံလွှင့်ဌာနများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြားများက ကိုကိုအောင်၏ အတွေးများပြီး အရေးမမှားစေလို ဆိုသည့် ဆောင်းပါးကို ဖော်ပြထုတ်လွှင့်ခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ သတိပေးအကြောင်းကြားစာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြည်ထဲရေးဝန်ကြီးထံ တူညီသော လိုလားချက်များအပေါ်အခြေခံ၍ တရားဥပဒေစိုးမိုးရေး အတွက် တွေ့ဆုံဆွေးနွေးလိုပါကြောင်း၊ ပြန်လည်အကြောင်းကြားခဲ့ခြင်းနှင့်စပ်လျဉ်း၍ တုန့်ပြန် ရေးသားထားသည့် ဆောင်းပါးဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးမှ ပြည်ထဲရေးဝန်ကြီးထံ ပြန်လည်ပေးပို့လိုက်သော အကြောင်းကြားစာနှင့် ကိုကိုအောင်၏ ဆောင်းပါးတို့အား ဖတ်ရှု၍ အငြင်းပွားစရာ ဥပဒေပြဿနာ အကြောင်းချင်းရာပြဿများ ပေါ်ပေါက်လျက်ရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် န.ဝ.တ ဥပဒေအမှတ် – ၄/၈၈ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ န.ဝ.တ အနေဖြင့် လွှတ်တော်ခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ လွှတ်တော်ခေါ်ယူကျင်းပမည့် လုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တား လွှတ်တော်ကိုယ်စားလှယ်အများစုကို ဖမ်းဆီးထိန်းသိမ်း ထောင်ချခဲ့သည်မှာ ငြင်းကွယ်၍မရနိုင်သည့် အမှန်တရားများဖြစ်သည်။

တခြားတဖက်တွင် န.ဝ.တ အနေဖြင့် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်အထိ ရေးဆွဲခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ယင်းတွင် အငြင်းပွားစရာပြဿနာမှာ န.ဝ.တ သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဦးဆောင်ဦးရွက်ပြု ရေးဆွဲနိုင်ခွင့် ရှိ/မရှိ ဆိုသည့် ပြဿနာပင်ဖြစ်သည်။ ဥပဒေအမြင်အရ ကြည့်ပါလျှင် ၁၉၉၀ တွင် ရွေးကောက်ပွဲကျင်းပပြီးစီးပြီး ဖြစ်သည့်အတွက် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများကသာလျှင် ဦးဆောင်ဦးရွက်ပြု ရေးဆွဲကြရမည်ဖြစ်သည်။ တရားဥပဒေစိုးမိုး

ရေးကို ဦးစွာပထမ လျစ်လျူရှုခဲ့သည်မှာ န.ဝ.တ အစိုးရဖြစ်ကြောင်း ယနေ့ န.ဝ.တ/န.အ.ဖ အမွေဆိုးကို ဆက်ခံသည့် ဦးသိန်းစိန်အစိုးရနှင့် စစ်ဝန်ကြီးများကိုယ်တိုင် ငြင်းနိုင်ကြမည် မဟုတ်ပါ။ သို့သည့်တိုင်အောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ရန်ငြိုး အာဃာတ ထားခြင်းသည်၊ တိုင်းပြည်အတွက်၊ နောင်အစဉ်အဆက် အေးချမ်းသာယာရေးကို ပြေလည်စေ နိုင်သည့်၊ အကြောင်းတရားများမဟုတ်သည်ကို သတိမူလျက်၊ သင့်ပုန်းချေခြင်းနှင့်အတူ အမျိုး သားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးလိုကြောင်း တစဉ်တစိုက် တောင်းဆို ခဲ့သည်မှာ ယခုနောက်ဆုံး ပြည်ထဲရေးဝန်ကြီးထံသို့ ပေးပို့လိုက်သည့် မေတ္တာရပ်ခံစာကပင် သက်သေခံလျက်ရှိသည်။ အထက်ဖော်ပြပါတို့မှာ အတိတ်သမိုင်း၏ တစိတ်တပိုင်းကို လှစ်ဟပြ ခြင်းမျှသာဖြစ်သည်။

ယခုတဖန် ၂၀၁၀ ပြည့်နှစ်၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ၂/၂၀၁၀ ပုဒ်မ – ၂၅ အရ ရက်ပေါင်း (၆၀) ခြောက်ဆယ်အတွင်း ရွေးကောက်ပွဲကော်မရှင်ထံသို့ နိုင်ငံရေးပါတီ အဖြစ် ပြန်လည် မှတ်ပုံမတင်ခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားနိုင်ငံရေး ပါတီ၊ (၅) ပါတီကို အလိုအလျောက် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းသို့ ဖျက်သိမ်းခြင်းသည် တရားမဝင်ကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်က တရားရုံးချုပ်သို့ လျှောက်ထားခဲ့သော်လည်း တရားရုံးချုပ်က ပယ်ချခဲ့သည်။ ပယ်ချသည် ကို လက်မခံဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခဲ့ သည်။ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးအကြောင်း ကြားစာပေးပို့လာခြင်းဖြစ် သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြည်ထဲရေးဝန်ကြီးထံ သို့ ပြန်လည်ပေးပို့သည့်စာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ – ၄၀၉ ပြဋ္ဌာန်းချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် ပြည်ထောင် စုလွှတ်တော်က ပြဋ္ဌာန်းထားခြင်းမဟုတ်သည့်အတွက် ယင်းဥပဒေပြဋ္ဌာန်းချက်အရသည်ပင် လျှင် အဖွဲ့ချုပ်သည် လုံးဝပျက်ပြယ်ခြင်းမရှိကြောင်း ထောက်ပြထားသည်။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၄၄၂ အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအာဏာ မတည်သေးမီအချိန်တွင် နအဖမှ အချုပ်အခြာအာဏာကို ဆက်လက်ကျင့်သုံး သည် ဟူ၍လည်းကောင်း၊ ပုဒ်မ – ၄၄၃ အရ နအဖ က ကြိုတင်ဆောင်ရွက်ချက်များကို ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေအရ ဆောင်ရွက်ချက်များဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်းပြဋ္ဌာန်း ထားသဖြင့်၊ နအဖ ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ၂/၂၀၁၀ သည် ဥပဒေ နှင့်ညီညွတ်ကြောင်း ကိုကိုအောင်၏ ဆောင်းပါးတွင်ဖတ်ရှုရပေသည်။

## ၁။ ဥပဒေပြုလုပ်ပြဋ္ဌာန်းပိုင်ခွင့် (Legislative Power)

ဥပဒေပြုလုပ်ပြဋ္ဌာန်းပိုင်ခွင့်အာဏာ (Legislative Powers) သည် နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာတွင် အရေးအကြီးဆုံးအခန်းကဏ္ဍမှ ပါဝင်သည်။ ဥပဒေများပြဋ္ဌာန်းနိုင်ရန်အတွက်လည်းကောင်း၊ ပြဋ္ဌာန်းပြီးသားဥပဒေများတွင် ခေတ်ကာလနှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်နိုင်ရန်အတွက်လည်းကောင်း၊ ပြင်ဆင်နိုင်ရန်အတွက်လည်းကောင်း၊ အစားထိုးပြဋ္ဌာန်းနိုင်ရန်အတွက်လည်းကောင်း ဥပဒေပြုလုပ်ပြဋ္ဌာန်းရေးအဖွဲ့များသည် နိုင်ငံတနိုင်ငံအတွက် အလွန်ပင်အရေးကြီးပေသည်။ ထို့ကြောင့် ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းခွင့်နှင့် စပ်လျဉ်းသော စဉ်းစားချက်များတွင် တဦးတယောက်၊ တသင်းတဖွဲ့၏ လက်ဝယ်တွင် ထားရှိခြင်းထက် အများပြည်သူ၏ ဆုံးဖြတ်ချက်ဖြင့်သာ ပြုလုပ်ပြဋ္ဌာန်းခြင်းသည် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုအတွက် သာလွန်ကောင်းမွန်သည်ဟူ၍ လက်ခံယုံကြည်လာကြသည်။ ယင်းအယူအဆသည် ဥပဒေတရပ်ကို လွယ်လင့်တကူ ပြဋ္ဌာန်းခြင်းအားဖြင့် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာခြင်းမှ ကာကွယ်တားဆီးနိုင်ခြင်းနှင့် တခြားတဖက်တွင် ဥပဒေတရပ်ကို အဖက်ဖက်မှ အပြန်အလှန် စဉ်းစားသုံးသပ် လေ့လာပြဋ္ဌာန်းခြင်းအားဖြင့် အဆိုပါ ဥပဒေသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးများစေနိုင်ကြောင်းကို အားပေးထောက်ကူသည့် အယူအဆတရပ်အဖြစ် ရှင်သန်ရပ်တည်လာခဲ့သည်။ ပြည်သူလူထု၏ ဆုံးဖြတ်ချက်ဖြင့် ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အားလျော်စွာ၊ ဒီမိုကရေစီ စတင်ထင်ရှားခဲ့သည့် ရှေးခေတ်ဂရိ အေသင်မြို့ပြနိုင်ငံ၏ လူထုကောင်စီကို ဥပမာ သာဓကထုံးပြုရမည်ဖြစ်သည်။ ပြည်သူ လူထု၏အချုပ်အခြာအာဏာ (sovereignty of the people) ဟုဆိုရာတွင် ဥပဒေတရပ်သည် ပြည်သူလူထု၏ ခွင့်ပြုချက်ဖြင့်သာ ကျင့်သုံးရှင်သန်စေရမည်ဖြစ်သည်။ ယနေ့ခေတ်တွင် လွှတ်တော်၊ ဆီးနိတ်၊ ပါလီမန် စသည်အားဖြင့် အမည်နာမ ကွဲပြားကြသော်လည်း ပြည်သူလူထု၏ လွတ်လပ်သော သဘောဆန္ဒများနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံထားရသည့် ကိုယ်စားလှယ်များအားဖြင့် ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းကြပေသည်။ ထိုသည်၏အခြားမဲ့တွင် သာလွန်ကောင်းမွန်သော နိုင်ငံရေးစနစ် (political system) သစ်တရပ်၏ ဥပဒေပြုခြင်းဆိုင်ရာ ဘာသာရပ်ကို မတွေ့ရှိသေးသဖြင့် ကမ္ဘာ့တွေးခေါ်ပညာရှင်များ ယနေ့ထက်တိုင်အောင် သုတေသနပြုလုပ် နေကြဆဲဖြစ်သည်။

## ၂။ နဝတ/နအဖ လက်ထက်ပြဋ္ဌာန်းခဲ့သည့်ဥပဒေများနှင့်အာဏာသက်ဝင်မှု

နဝတ အာဏာသိမ်းပြီးသည့်နောက်ပိုင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် အာဏာသုံးရပ်လုံးကို ချုပ်ကိုင်ကျင့်သုံးခဲ့သည်။ နဝတ တဖြစ်လဲ နအဖ လက်ထက်တွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ထို့ကြောင့် နဝတ / နအဖ လက်ထက် မည်သည့်လွှတ်တော်မှမရှိခဲ့။ လွှတ်တော်ခေါ်ယူရန် အခြေအနေအကြောင်းတရားများ ရှိသည့်တိုင်အောင် လွှတ်တော်မခေါ်ယူခဲ့ပေ။

၂၀၁၁ ဇန်နဝါရီလ (၃၁) တွင် အမျိုးသားလွှတ်တော် ကျင်းပပြီးသည့်နောက်ပိုင်း၊ ၂၀၁၁၊ မတ်လ (၃၀) ရက်နေ့ ဦးသိန်းစိန် အစိုးရအား အာဏာလွှဲပေးလိုက်သည်။ (၁.၃.၂၀၁၁) ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ဒုတိယမြောက်နေ့ရက်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ဦးနန္ဒကျော်စွာ (ဒဂုံမဲဆန္ဒနယ်)က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍လည်းကောင်း၊ ဦးတီခွန်မြတ် (ကွတ်ခိုင်မဲဆန္ဒနယ်) က အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍လည်းကောင်း၊ အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နည်းတူ ယင်းနေ့တွင်ပင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) ကိုယ်စားလှယ် ဦးမြညိမ်းက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) ကိုယ်စားလှယ် ဦးစံထွန်းက အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍လည်းကောင်း အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီများသည် ယနေ့ထက်တိုင်အောင် အဆိုပြုချက်တစုံတရာကို လွှတ်တော်အသီးသီးသို့ တင်သွင်းနိုင်ခြင်းမရှိသေးပါ။

ထို့နည်းတူစွာ အမျိုးသားလွှတ်တော်သည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်သည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သည်လည်းကောင်း၊ နဝတ/နအဖ လက်ထက်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ညှိနှိုင်းဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများ တစုံတရာပြုလုပ်ခြင်းများ ယနေ့ထိတိုင်အောင် မရှိသေးပါ။ ငြင်းချက်ထုတ်ရန်ရှိသည်မှာ နအဖ အနေဖြင့် အသွင်ကူးပြောင်းရေးကာလတွင်၊ မဖြစ်မနေ ပြဋ္ဌာန်းရမည့်ဥပဒေများကို ပြဋ္ဌာန်းပေးရခြင်းသည် အာဏာသက်ဝင်မှုရှိသည်မှန်သော်လည်း ယင်းဥပဒေများသည်၊ အသွင်ကူးပြောင်းရေးကာလ အတိုင်းအတာတခုအတွင်းသာ ကျင့်သုံးရှင်သန်စေသင့်သည်။ ဒီမိုကရေစီနည်းလမ်းမကျသော၊ တဦးတယောက်၊ တသင်းတဖွဲ့၊ အစိုးရတရပ်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများသည် မည်သည့်အတွက်နှင့်မျှ အများပြည်သူကို ကိုယ်စားပြု၍ ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု မဆိုနိုင်ပါ။

ဦးနေဝင်း အာဏာသိမ်းပြီးသည့်နောက်ပိုင်း၊ တော်လှန်ရေးကောင်စီခေတ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် လူထုဆန္ဒခံယူပွဲ ပြုလုပ်အတည်ပြုခဲ့ပြီး၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် (၄၅၀) ဦးဖြင့် လွှတ်တော်ကို ကျင်းပခဲ့ပြီးနောက်ပိုင်း ချက်ချင်းဆိုသလိုပင် တော်လှန်ရေးကောင်စီခေတ်တွင် ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေများကို တင်ပြအတည်ပြုချက်ရယူခဲ့သည်။ ယင်းမှာ တပါတီအာဏာရှင်စနစ်တွင်ပင် ယင်းကဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ခဲ့သည်ကို ယနေ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတိမူသင့်ပေသည်။ ထို့ကြောင့် လွှတ်တော်များပေါ်ပေါက်လာသည့်အချိန်တွင် နဝတ/နအဖ လက်ထက်ပြဋ္ဌာန်းခဲ့သောဥပဒေများကို လွှတ်တော်များတွင် ဆွေးနွေး၊ ညှိနှိုင်း၊ ပြင်ဆင်၊ ပယ်ဖျက်၊ အစားထိုး ပြဋ္ဌာန်း

ခြင်းများကို သင့်သလိုပြုလုပ်ရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (၂/၂၀၁၀) သည်လည်း လွှတ်တော်အသီးသီးတွင် ဆွေးနွေး၊ ညှိနှိုင်း၍ လိုအပ်သလို ပြင်ဆင်မှုများ ပြုလုပ်ပြီးမှသာ အမျိုးသားလွှတ်တော်သို့တင်ပြ၊ အမျိုးသားလွှတ်တော်မှ အတည်ပြုရန်ဖြစ်သည်။

## ၃။ ဥပဒေပြုရေးလုပ်ထုံးလုပ်နည်းအဆင့်ဆင့်(သို့မဟုတ်) ဥပဒေပြုရေးဖြစ်စဉ်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ စသည် အားဖြင့် ထိုသို့သော ဥပဒေများကို (Statute Law) ပြဋ္ဌာန်းဥပဒေဟုခေါ်ဆိုသည်။ လွှတ်တော်တရပ်ရပ်တွင် ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းတော့ မည်ဆိုပါက လွှတ်တော်ဥပဒေနှင့်အညီ ဥပဒေများပြုလုပ်ပြဋ္ဌာန်းပေးရသည်။ နအဖ ခေတ်တွင် လွှတ်တော် ဥပဒေများကို နအဖ က ထုတ်ပြန်ခဲ့ခြင်းဖြစ်သော်လည်း၊ တပါတီအာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည့် မဆလခေတ်တွင်၊ တော်လှန်ရေးကောင်စီက လွှတ်တော်ဥပဒေကို ထုတ်ပြန်ခြင်း မဟုတ်ဘဲ ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီးနောက်ပိုင်းမှသာ ပြည်သူ့လွှတ်တော်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ နအဖ လက်ထက်တွင်မှု ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ဥပဒေ၊ နည်းဥပဒေများ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ တိုင်းဒေသကြီး / ပြည်နယ် လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ စသည်တို့ကို ထုတ်ပြန်အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများသည် လွှတ်တော်များခေါ်ယူပြီးနောက်ပိုင်းမှသာလျှင် ဆွေးနွေးညှိနှိုင်း အတည်ပြုပြဋ္ဌာန်းရမည့် ဥပဒေများဖြစ်ပြီး၊ ယင်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းပြီးနောက်ပိုင်းမှသာ လွှတ်တော်များသည် ၎င်းဥပဒေများနှင့်အညီ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေများ အခန်း (၁၈) တွင် ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်း၊ ဥပဒေကြမ်း ပေးပို့ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပေးပို့ရန် ကာလသတ်မှတ်ခြင်း၊ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတင်သွင်းရမည့်အစီအစဉ်၊ ဥပဒေကြမ်းကို တင်သွင်းခြင်း၊ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကို အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကို အတည်ပြုရန်အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခြင်း၊ ပြည်သူ့လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်ပြီးသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ လည်းကောင်း၊ အမျိုးသားလွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်ပြီးသော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့လည်းကောင်း ပေးပို့ခြင်း၊ အပြန်အလှန်ပေးပို့ထားသည့် ဥပဒေကြမ်းများကို ဆွေးနွေးပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ခြင်း၊ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ စသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် ဖြတ်သန်းရသည်။ ယင်း

သို့ အပြန်ပြန်အလှန်လှန် ဆွေးနွေးဆုံးဖြတ်ကြမှသာလျှင် ဥပဒေတရပ်သည် တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီပေလိမ့်မည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် လွှတ်တော်ဥပဒေများတွင် ဥပဒေကြမ်းအဆိုများ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ပိတ်ပင်တားဆီးမှုများ များစွာရှိနေပေသေးသည်၊ အထူးသဖြင့် နအဖ မှပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ၎င်းတို့အာဏာ ရှတ်လျော့စေမည့် ဥပဒေကြမ်းအဆိုများ တက်မလာစေရေးအတွက် အဆင့်အလိုက် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ထို့နည်းတူစွာပင် ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ အခန်း(၈)တွင်လည်း ပြည်ထောင်စုအဆင့် တင်သွင်းရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ ယင်းသို့ ပိတ်ပင်တားဆီးထားသည့် လုပ်ထုံးလုပ်နည်းများကြားကပင် နဝတ / နအဖ လက်ထက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ယနေ့ လွှတ်တော်များတွင်၊ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆွေးနွေးညှိနှိုင်းကြလျက် လွှတ်တော်အသီးသီး၏ အတည်ပြုချက်များကို ရယူနိုင်ရမည်ဖြစ်သည်။ ဒီမိုကရေစီတွင် စံပြုလောက် o n fht ar&d efyn fax mipk Legislation process တွင် အဆင့် (၁၄) ဆင့်ကို ဖြတ်သန်းပြီးမှသာလျှင် ဥပဒေအဖြစ် အတည်ပြုသည့်အဆင့်သို့ ရောက်ရှိပေသည်။

အထူးသဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေသည် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်အရ ပြဋ္ဌာန်းခဲ့သည့်တိုင်အောင် လွှတ်တော်များပေါ်ပေါက်လာပြီးသည့် ယနေ့ခေတ်တွင် အထက်ဖော်ပြပါ လုပ်ထုံးလုံးနည်းများကို ဖြတ်သန်းလျက် လွှတ်တော်အသီးသီး၏ အတည်ပြုချက်ကို ရယူနိုင်ရမည်ဖြစ်သည်။ ယင်းသို့ အတည်ပြုချက်ရယူနိုင်မှသာလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၄၀၉ ကို လိုက်နာသည် မည်ပေလိမ့်မည်။

## ၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

နအဖ ပြဋ္ဌာန်းထားသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ သည် နိုင်ငံရေးပါတီတရပ်ကို လွှတ်လွှတ်လပ်လပ် ရှင်သန်ရပ်တည် စည်းရုံးခွင့်ပေးခြင်းထက်၊ ပါတီတရပ်၏ အတွင်းရေးကိစ္စများကိုပါ ဝင်ရောက်စွက်ဖက်ထိန်းချုပ်နိုင်ရန်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သည်။ ပါတီများကို မှတ်ပုံတင်စေခြင်းဆိုသည်မှာ ပါတီတရပ်၏ လွှတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်ကို ပိတ်ပင်ရန်မဟုတ်ပါ။ ပါတီတရပ်တွင် ထောင်ကျဖူးသူများကို ကန့်သတ်ပိတ်ပင်ခြင်း၊ မည်သို့သော ပုဂ္ဂိုလ်များကိုသာ စည်းရုံးရမည်၊ ပါတီဝင်အဖြစ်လက်ခံရမည်၊ မည်သို့သော ပုဂ္ဂိုလ်များကို မစည်းရုံးရ ပါတီဝင်အဖြစ်လက်မခံရ စသည်အားဖြင့် စည်းရုံးလှုပ်ရှားခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်း၊ မဲဆန္ဒနယ် အနဲဆုံး(၃)နယ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါက ဖျက်သိမ်းခံရမည်ဆိုသည့် ပြဋ္ဌာန်းချက်များသည် ဒီမိုကရေစီစံနှုန်းများကို ဖောက်ဖျက်ကျူးလွန်းထားသည့် ပြဋ္ဌာန်းချက်

များပင်ဖြစ်သည်။ ယင်းသို့သော ပြဋ္ဌာန်းချက်များကို လွှတ်တော်အသီးသီးမှ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်၊ အစားထိုးသင့်သည်ကို အစားထိုးခြင်းများ ပြုလုပ်ရပေလိမ့်မည်။

## ၅။ နအဖ ဥပဒေများ

အတွေးများပြီး အရေးမများစေလို ဆိုသည့် ဆောင်းပါးတွင် ဆောင်းပါးရှင်ရေးသားထောက်ပြထားသည့် ဥပဒေ၊ ပုဒ်မများသည် နအဖ အနေဖြင့် နိုင်ငံသားတို့ အခွင့်အရေး အရပ်ရပ်ကို ချောင်ပိတ်၍ ရိုက်ဖျက်ချိုးနှိမ်ရန် အာဏာရှင်ဉာဉ်ဖြင့် ပြုလုပ်ပြဋ္ဌာန်းထားသည့် ဥပဒေများသာဖြစ်သည်။ ဥပဒေ အနှစ်သာရမရှိ၊ စံချိန်စံညွှန်းမကိုက်ညီဘဲ အတည်ပြုထားခြင်းမျှသာဖြစ်သည်။

အမှန်တကယ်အားဖြင့် ဥပဒေအနှစ်သာရနှင့် ညီညွတ်စေရန်၊ ဒီမိုကရေစီနည်းလမ်းတကျ လုပ်ဆောင်တတ်စေရန် နည်းပေးလမ်းပြရမည့်အစား၊ ဒီမိုကရေစီရှင်သန်ရေးနည်းလမ်းများကို ပိတ်ပင်သည့် ရေးသားပြောဆိုချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ ထည့်သွင်း၍ ပြည်သူလူထုအား အထင်မှား၊ အမြင်မှားဖြစ်အောင် လုပ်ဆောင်နေခြင်းမှာ ဦးသိန်းစိန် အစိုးရဖော်ဆောင်နေသည့် ဒီမိုကရေစီဆိုသည်မှာ ထိုအရာကို ခေါ်ပါသလားဟု မေးခွန်းထုတ်ရန်သာ ရှိပါတော့သည်။

# ဓလေ့ထုံးတမ်းဥပဒေနှင့် ကရင်ရိုးရာလက်ချည်ပွဲ

*ဦးမြင့်သိဏ်း (မြန်မာနိုင်ငံရှေ့နေများကောင်စီ)*

တရားဥပဒေစိုးမိုးရေးအခြေခံက လက်ခံထားတဲ့ ဥပဒေရဲ့အရင်းအမြစ် – ရေသောက်မြစ်နှစ်သွယ်အဖြစ် ဥပဒေ နှစ်မျိုးရှိတယ်လို့ ပညာရှင်များက သတ်မှတ်ထားပါတယ်၊ တခုက သဘာဝဥပဒေဆိုတာဖြစ်ပြီး နောက်တခုကတော့ ပြုလုပ်ပြဋ္ဌာန်းဥပဒေဆိုတဲ့ ဖြစ်ပေါ်နေတဲ့ ခေတ်စနစ်၊ တိုးတက်ဖြစ်ထွန်းမှုတွေနဲ့အညီ လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်တွေနဲ့အညီဖြစ်တဲ့ စည်းမျဉ်းစည်းကမ်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်း ကျင့်သုံးကြခြင်းတို့ ဖြစ်တယ်လို့ဆိုပါတယ်။ သဘာဝဥပဒေဆိုတာက ရှေးအစဉ်အဆက်ကနေပြီး ယနေ့ပစ္စုပ္ပန်ကာလအထိ လက်ခံ သတ်မှတ်ကျင့်သုံးခဲ့ကြတဲ့၊ ကျင့်သုံးနေဆဲလည်းဖြစ်တဲ့ ဓလေ့ထုံးတမ်းစဉ်လာ စည်းမျဉ်းသတ်မှတ်ချက်များဘဲဖြစ်ပါတယ်။ ဘယ်သူတွေက ဘယ်အချိန်ကတည်းက စတင်သတ်မှတ် လက်ခံကျင့်သုံးခဲ့ကြတယ်ဆိုတာ အတိအကျပြောဖို့ခက်ပေမယ့်၊ လက်ရှိ အချိန်အထိ တစိုက်မတ်မတ် လက်ခံကျင့်သုံးခဲ့ကြတယ်။ စည်းနှောင်အားရှိတယ်။ ခိုင်မာမှုရှိတယ်။ ဥပဒေရဲ့ သက်ဆိုင်ရာနယ်မြေ၊ ဒေသ၊ ကာလ၊ လူပုဂ္ဂိုလ်စသဖြင့် အမှုအမျိုးအစားအပေါ်မူတည်ပြီး တိကျတဲ့ ကာလစည်းကမ်းသတ်မှတ်ပြီးဖြစ်တယ်။ ဩဇာအာဏာ သက်ရောက်မှုလည်း ခိုင်ခန့်မှုရှိတယ်။ ဘယ်အချိန်ဘယ်ကာလက ဘယ်ပါလီမန်မှာ ဘယ်သူတွေက ဘယ်လိုပုံစံနဲ့ ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြတယ်ဆိုတာကို အတိအကျမသိနိုင်ပေမယ့် ယနေ့ကာလမှာရှိနေတဲ့ ဘယ်လိုပါလီမန်ကမှ ဒီဥပဒေပြဋ္ဌာန်းချက်တွေကို ပယ်ဖျက်လို့ ပြောင်းလဲလို့ ပြုပြင်သွားလို့မရတဲ့ ဥပဒေပြဋ္ဌာန်းချက်များဘဲဖြစ်ပါတယ်။

သဘာဝဥပဒေတွေထဲမှာ တိုင်းရင်းသားလူမျိုးတမျိုးရဲ့ ဓလေ့ထုံးတမ်းစဉ်များဟာလဲ ဥပဒေတမျိုးအဖြစ် ပါဝင်နေတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတမျိုးခြင်းစီတိုင်းမှာ သူတို့လက်ခံကျင့်သုံးနေကြတဲ့ ဥပဒေသဘောဆောင်တဲ့ ဓလေ့ထုံးတမ်း အစဉ်အလာ စည်းမျဉ်းသတ်မှတ်ချက်များရှိကြပါတယ်။ ဒီဥပဒေတွေဟာ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးတို့ရဲ့ အမျိုးသားရေးဆိုင်ရာ လက္ခဏာသတ်မှတ်ချက်များလို့လည်း ဆိုနိုင်တာဖြစ်ပါတယ်။ ဒီဓလေ့ထုံးတမ်းကျင့်စဉ်တွေဟာ သက်ဆိုင်ရာလူမျိုးများရဲ့ ဂုဏ်သိက္ခာတရပ်လည်းဖြစ်ပါတယ်။ လူမျိုးတမျိုးခြင်းစီတိုင်းမှာ ကိုယ်ပိုင်ဓလေ့ထုံးတမ်းတွေမရှိဘူး၊ ကိုင်တွယ်ကျင့်သုံးမှုလည်း မရှိဘူးဆိုရင် အဲဒီလူမျိုးတွေမှာ အမျိုးသားရေးလက္ခဏာရပ်တွေ ပျောက်ဆုံးနေပြီလို့ ပြောနိုင်ပါတယ်။ အချို့သတ်မှတ်ပြဋ္ဌာန်းချက်များကို အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ပြုပြင်မယ်ဆိုရင်တောင်မှ မိမိအမျိုးသားထုအတွင်းမှာ ခိုင်လုံတဲ့ ပကတိ အကြောင်းတရားများကို အခိုင်အမာအခြေပြုပြီး အားလုံးလက်ခံနိုင်တဲ့ ပြုပြင်ပြောင်းလဲမှုကိုသာ လုပ်ဆောင်နိုင်တာဖြစ်ပါတယ်။ ဒါကိုလည်း သာမာန်အ

စိတ်အပိုင်းအချို့အပေါ်မှာသာ လုပ်ဆောင်နိုင်တာဖြစ်ပါတယ်။ တစုံလုံးကို ပြောင်းလဲပစ်တာမျိုး၊ ပြုပြင်လိုက်တာမျိုး လုပ်လို့မရနိုင်ပါဘူး။ လုပ်ခွင့်လဲမရှိပါဘူး။ ဒါကြောင့် သဘာဝဥပဒေဖြစ်တဲ့ ဓလေ့ထုံးတမ်းဥပဒေတွေဟာ ခိုင်မာတဲ့၊ ပြုပြင်ပြောင်းလဲလို့မရတဲ့ ဥပဒေအမျိုးအစားများဖြစ်ပါတယ်။

အခုဩဂုတ်လ (၁၃) ရက်နေ့က ကျနော် ဩစတြေးလျနိုင်ငံ ဘရစ်စဘိန်းမြို့မှာ ရောက်ရှိနေစဉ်ကာလ၊ အဲဒီမြို့မှာ ရောက်နေကြတဲ့ မြန်မာနိုင်ငံက ဒုက္ခသည် ကရင်အမျိုးသားများ စုပေါင်းကျင်းပကြတဲ့ ကရင်လက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့ မင်္ဂလာ အခန်းအနားလေးတခုကို မိတ်ဆွေများဖိတ်ကြားချက်အရ တက်ရောက်ခဲ့ပါတယ်။ ကရင်အမျိုးသားများရဲ့ရိုးရာယဉ်ကျေးမှုအခန်းအနားပွဲလေးဖြစ်ပါတယ်။ ဒီအခန်းအနားမျိုးကို မကြာခဏဆိုသလို ကြုံခဲ့ပေမယ့် သေသေချာချာ တက်ရောက်နိုင်ခဲ့ခြင်းတော့ မရှိခဲ့ပါဘူး။ ဒါပေမယ့် အခုလိုနိုင်ငံရပ်ခြားမှာ ရောက်နေကြတဲ့ ကိုယ့်တိုင်းရင်းသားညီအကိုတော်များအနေနဲ့ ကိုယ့်ရိုးရာဓလေ့ထုံးစံကို မြတ်မြတ်နိုးနိုး ကျင်းပကြတယ်ဆိုတော့ ကျနော်လည်း တက်ဖြစ်အောင်တက်ခဲ့ပါတယ်။ ဒီအခန်းအနားလေးကို လူ (၂၀၀) လောက်တက်နိုင်တဲ့ ကွန်မြူနတီစင်တာလေးတခုမှာ ကျင်းပကြတာဖြစ်ပါတယ်။ တကယ်ကိုလည်း ဒီဟောခန်းလေးနဲ့အပြည့် ကရင်အမျိုးသားများတင်မကဘဲ ကျနော်တို့နိုင်ငံက တိုင်းရင်းသားပေါင်းစုံနဲ့ မြို့ခံဩစတြေးလျနိုင်ငံသားများပါ တက်ရောက်ကြတာကို တွေ့ရပါတယ်။ အဲဒီလိုနဲ့ ဒီအခန်းအနားလေးကို အစအဆုံး ပြီးအောင်တက်ဖြစ်ခဲ့ပါတယ်။

ဒီနေ့ကျင်းပတဲ့ ကရင်ရိုးရာလက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့မင်္ဂလာအခန်းအနားကို အခန်းအနားအစီအစဉ် (၁၈) ခုနဲ့ စနစ်တကျ စီစဉ်ကျင်းပခဲ့ကြပါတယ်။ အခန်းအနားအကျိုးဆောင်များအဖြစ် ကရင်အမျိုးသမီးငယ်တဦးနဲ့ ကရင်အမျိုးသားငယ်တဦးတို့က တာဝန်ယူခဲ့ကြပါတယ်။ အကျိုးဆောင်အမျိုးသမီးငယ်လေးက ကရင်ဘာသာစကားနဲ့ အခန်းအနားအစီအစဉ်များကို ဖတ်ကြားရှင်းလင်းပေးပြီး အမျိုးသားလူငယ်လေးက ဒေသခံဧည့်သည်တော် နိုင်ငံခြားသားများအတွက် အင်္ဂလိပ်ဘာသာနဲ့ ရှင်းရှင်းလင်းလင်း ပီပီသသ ပြန်ဆိုပေးတာကိုတွေ့ရပါတယ်။ အစီအစဉ်တွေထဲမှာတော့ ကရင်အမျိုးသားအလံတော်ကို အလေးပြုတယ်၊ ကရင်အမျိုးသားသီချင်းကို သီဆိုကြတယ်။ ကရင်ရိုးရာ (ဒုံး) အကကို ကရင်အမျိုးသမီး၊ အမျိုးသားလူငယ်ကလေးများက လှလှပပ ကပြဧည့်ခံဖြေဖျော်ခဲ့ကြပါတယ်။ နောက် ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) က ပေးပို့တဲ့ သဝဏ်လွှာကိုလည်း ဖတ်ကြားပြီး ကရင်အမျိုးသားခေါင်းဆောင် လူကြီးများက အခုကျင်းပတဲ့ ကရင်ရိုးရာလက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့ မင်္ဂလာအခန်းအနားကျင်းပရတဲ့ ရိုးရာဓလေ့ထုံးစံနဲ့ပတ်သက်တဲ့ အပိုင်းများကို လူငယ်လူရွယ်များသိနိုင်ဖို့နဲ့ ဧည့်သည်တော်များသိနိုင်ဖို့အတွက် ရှင်းလင်းပြောကြားခဲ့ကြပါတယ်။ နိုင်ငံရပ်ခြားမှာ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြပေမယ့် ကိုယ့်အမျိုးသားအရေးကို မြတ်မြတ်နိုးနိုး တန်ဖိုးထားမှုလေးတွေကို မြင်တွေ့ရတော့ တကယ့်ကို ကြည်နူးစရာပါဘဲ။

ဒီအခန်းအနားမှာ ကျနော့်အနေနဲ့ ထူးထူးခြားခြား မှတ်သားလိုက်မိတဲ့ ကရင်အမျိုးသားများရဲ့ ရိုးရာဓလေ့ဆိုင်ရာ အချက်အလက်လေးများကို ပြန်လည်မျှဝေချင်ပါတယ်။ ဒီအချက်တွေကို ပြောပြသွားတဲ့ ကရင်အမျိုးသားဦးလေးကြီးကတော့ လွန်ခဲ့တဲ့ (၂) နှစ်ကျော်

လောက်ကမှ ဩစတြေးလျနိုင်ငံကို ဒုက္ခသည်အဖြစ်နဲ့ ရောက်လာခဲ့သူဖြစ်ပါတယ်။ (ပိုး) ကရင်လူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူတဦးလို့ သိရပါတယ်၊ သူကိုယ်တိုင်ကလည်း ဘုန်းကြီးအဖြစ်နဲ့ ရဟန်းဝါ (၂၄) ဝါရခဲ့တဲ့သူဖြစ်တယ်လို့ သိရပါတယ်။ သူ့အမည်ကတော့ ဘုန်းကြီးဘွဲ့ အမည် (ဦးဝိလာသ)၊ လူအမည် ဦးမောင်နဲ့ (ခေါ်) ဦးစောလှိုင်ဖြစ်ပြီး၊ လက်ရှိ ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်၊ ဘရစ်စဘိန်းမြို့နဲ့ ကီလိုမီတာ အနည်းငယ်ခန့်ဝေးတဲ့ ကော့ဘဇားဆိုတဲ့မြို့လေးမှာ နေ မိသားစုနဲ့ အတူနေထိုင်တယ်လို့ သိရပါတယ်။

ဦးမောင်နဲ့ (ခေါ်) ဦးစောလှိုင်က အဲဒီအခန်းအနားပွဲမှာ ကရင်ရိုးရာလက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့မင်္ဂလာအခန်းအနား စတင်ပေါ်ပေါက်လာပုံကို ကရင်ဓလေ့ထုံးတမ်းများ၊ သမိုင်းဖြစ်စဉ်များနဲ့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကရင်အမျိုးသားများရဲ့ အမျိုးသားရေးဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်အချက်အချို့ကို အလျဉ်းသင့်လို့ သူ့ရဲ့ တင်ပြချက်အတိုင်း မျှဝေတင်ပြပေးလိုက်ပါတယ်။ အခုလိုကျင်းပတဲ့ ကရင်ရိုးရာလက်ချည်ပွဲဆိုတာ ကရင်အမျိုးသားများရဲ့ ရှေးပဝေသဏီက ဆင်းသက်လာတဲ့ ဓလေ့ထုံးတမ်းတခုဖြစ်ကြောင်း၊ ကရင်လူမျိုးများအနေနဲ့ တရုပ်ပြည် ယူနန်ဒေသမှာ အခြေချနေထိုင်စဉ် ဘီစီတထောင်ကျော်ကာလကတည်းက စတင်ကျင့်သုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ မိဘနှစ်ပါးက နှစ်ဖက်ဆွေမျိုးများကို တနှစ်တကြိမ် ဖိတ်ကြားပြီး သားသမီးများအားလုံးနဲ့ တွေ့ဆုံပေးခဲ့တဲ့ပွဲဖြစ်ကြောင်း၊ ကရင်လူမျိုးများ မြန်မာနိုင်ငံကို ရောက်ရှိခဲ့သည့် (ဘီစီ ၇၃၉) ခုနှစ်မတိုင်မီ ရှေးကတည်းက စတင်ကျင့်သုံးခဲ့သည့် ဓလေ့ထုံးတမ်းတခုဖြစ်ကြောင်း၊ မိမိတို့ကရင်အမျိုးသားများအနေနဲ့ အထူးသဖြင့် ကရင်လူမျိုးမှန်ရင် ဒီဓလေ့ထုံးတမ်းကို မမေ့မလျော့လက်ခံကျင့်သုံးကြဘို့နဲ့ လူမျိုးတိုင်းမှာ သူ့ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာရှိပြီး၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ အဓိကအချက် (၅) ချက်ဖြစ်တဲ့ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေ၊ ယုံကြည်ကိုးကွယ်မှု၊ ကိုယ်ပိုင် အနုပညာ၊ ရိုးရာဓလေ့ထုံးစံဆိုင်ရာ လက်ခံကျင့်သုံးမှု စသဖြင့်ရှိကြောင်းကို ရှင်းလင်းပြပါသည်။ ကရင်အမျိုးသားများတွင် ယင်းအချက်များနှင့် ပြည့်စုံပြီး ခိုင်မာသည့် လူမျိုးတမျိုးအဖြစ် ရပ်တည်နေခဲ့ခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့သော အင်မတန် ချစ်စရာကောင်းတဲ့ ရိုးရာအစဉ်အလာတခုဖြစ်တဲ့ ကရင်ရိုးရာလက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့ မင်္ဂလာအခန်းအနားပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြသွားပါတယ်။ နောက်ဆက်လက်ပြီး လက်ရှိမြန်မာနိုင်ငံမှာ ကရင်လူမျိုးနှစ်မျိုးအဖြစ် (ပိုး) နဲ့ (စကော) ဆိုတာရှိပြီး ဘာသာကိုးကွယ်မှုအနေနဲ့ ခရစ်ယာန်ဘာသာ နဲ့ ဗုဒ္ဓဘာသာကို အဓိက အများစုကိုးကွယ်ကြကြောင်း၊ ထို့ပြင် တလခုံး၊ နတ်စား၊ ပန်းကိုကိုးကွယ်သူများစသဖြင့်ရှိသော်လည်း ယခုကျင်းပသည့်ပွဲကိုမူ ကရင်လူမျိုးအားလုံးနှင့် သက်ဆိုင်ပြီး ကရင်လူမျိုးတိုင်း လိုက်နာကျင့်သုံးရတဲ့ ဓလေ့ထုံးစံတရပ်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးထောင်ကျော်မတိုင်မီက စတင်ခဲ့တယ်လို့ ခန့်မှန်းနိုင်တဲ့ ဒီကရင်ရိုးရာလက်ချည်ပွဲ (ဝါ) ချည်ဖြူဖွဲ့မင်္ဂလာပွဲလေးဟာ ကရင်အမျိုးသားများရောက်ရှိရာ၊ အခြေချနေထိုင်ရာဒေသတိုင်းမှာ ကရင်လူမျိုးများနဲ့အတူ မကွဲမကွာရှိနေပြီး အမြတ်တနိုး ကျင်းပနေကြခြင်းဟာ အင်မတန်မှ ချစ်ခင်စရာကြည်နူးစရာ အထိမ်းအမှတ်ပွဲလေးအဖြစ် ကရင်လူမျိုးများရဲ့ လှပတဲ့ ရိုးရာအစဉ်အလာတရပ်ကို ထိမ်းသိမ်းခြင်းလဲဖြစ်ပါတယ်။ တဆက်တစပ်တည်းမှာ ကရင်လူမျိုးမှန်ရင် ကရင်အမျိုးရေးဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို လေးစားလိုက်နာ ကျင့်သုံး

ခြင်းတရပ်လို့လည်း ဆိုနိုင်တာဖြစ်ပါတယ်။ ဒါဟာ ကရင်အမျိုးသားများရဲ့ သဘာဝဆိုင်ရာ ဥပဒေ (ဝါ) ဓလေ့ထုံးတမ်းဥပဒေတရပ်လည်းဖြစ်တယ်ဆိုတာကို အခိုင်အမာ အသိအမှတ်ပြုရင်း မည်သည့်လူမျိုး၊ မည်သည့် တိုင်းရင်းသားမျိုးနွယ်များမဆို မိမိတို့ရဲ့ ကိုယ်ပိုင် ဓလေ့ထုံးတမ်းစဉ်လာ ဥပဒေများကို မပျောက်မပျက်ရအောင် ထိမ်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

၂၀၁၁ခုနှစ် ဩဂုတ်လ (၁၅) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
Email: blcsan@ksc.th.com, Website: www.blc-burma.orgP.O.Box144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910, Email: blcsan@ksc.th.com, Website: www.blc-burma.org

-Press Release-

## အလုပ်သမား အဖွဲ့အစည်းဥပဒေ နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်မှ စတိမာရှယ် ၏ ဖော်ပြချက်ကို သုံးသပ်ချက်ခြင်း

အရပ်ဝတ်အနေဖြင့် အသွင်ပြောင်းထားသော စစ်အစိုးရ က ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် ရန်ကုန် ရုံးတွင် တာဝန်ရှိအရာရှိအဖြစ် ထမ်းဆောင်နေသူ စတိမာရှယ်က အလွန်အမင်း အကောင်းမြင်ကြောင်း (Extremely positive) ဖြင့် သုံးသပ်သွားခြင်းမှာ ဥပဒေစိုးမိုးရေးကို ဆန့်ကျင်ပြီး ပြည်တွင်းရှိ တည်ဆဲဥပဒေများကို မျက်ကွယ်ပြုသည့်အပြင် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်၏ နိုင်ငံတကာသဘောတူညီချက် အမှတ် ၈၇ ကို မျက်ကွယ်ပြုရာ ရောက်သည်။

၁။ ဥပဒေ စိုးမိုးရေးကို လေးစားလိုက်နာလျှင် စစ်အစိုးရသည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့အထိ တည်ဆဲဥပဒေဖြစ်ခဲ့သော ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ အရ အလုပ်သမားများအား သမဂ္ဂများ ဖွဲ့စည်းလှုပ်ရှားခွင့်ပြုရမည်ဖြစ်သည်။ ယင်းသို့မဟုတ်ဘဲ အဆိုပါ ဥပဒေအား လုံးဝ မျက်ကွယ်ပြုထားပြီး အလုပ်သမားများ၏ အခွင့်အရေးကို ရုပ်သိမ်းထားခဲ့ခြင်းမှာ အလုပ်သမားများအတွက် ဥပဒေမရှိသည့် ပြဿနာမဟုတ် ဥပဒေစိုးမိုးရေး ကင်းမဲ့သည့်ပြဿနာဖြစ်သည်။ ယင်းကို နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်က ထောက်ပြခဲ့ခြင်းမရှိ။

၂။ ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ သည် ယခု စစ်အစိုးရ ပြဋ္ဌာန်းလိုက်သည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေထက် အဆတရာသာကြောင်း အောက်ပါအတိုင်း အကျဉ်းမျှ နှိုင်းယှဉ်သုံးသပ်သည်။

(က) အလုပ်သမားသမဂ္ဂများအား ဖွဲ့စည်းမှုအရ ထိမ်းချုပ်ထားခြင်းမရှိ။

(ခ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို မကြေနပ်လျှင် တရားရုံးတက်ခွင့်ရှိသည်ခြင်းတူသော်လည်း ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေကို လက်တွေ့ကျင့်သုံးခွင့်ရခဲ့သည့် ၁၉၄၈ မှ ၁၉၆၂ ခုနှစ် ကာလအတွင်း တရားစီရင်ရေး လွတ်လပ်မှုရှိခဲ့ပြီး ယခုအချိန်တွင်မူ တရားစီရင်ရေးကို စစ်အစိုးရက လုံးဝ ချုပ်ကိုင်ထားဆဲဖြစ်သည်။

(ဂ) ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ ပုဒ်မ (၁၆) အရ အလုပ်သမားသမဂ္ဂများသည် နိုင်ငံရေး ရည်မှန်းချက်များအတွက် သီးခြားရံပုံငွေ တည်ထောင်လှုပ်ရှားခွင့်ရှိသည်။ ယခု ဥပဒေတွင် အလုပ်သမား အဖွဲ့အစည်းများအား နိုင်ငံရေးနှင့်ပတ်သက်ခြင်း မရှိစေရန် ကန့်ထားသည်။

(ဃ) ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ အရ ပြစ်ဒဏ်များသည် ရူပီးငွေ ၅၀၊ ၂၀၀၊ ၅၀၀ အစရှိသည့် ငွေဒဏ်များသာ ဖြစ်သည်။ ယခု ဥပဒေတွင် ထောင်ချနိုင်သည်။

(င) သက်ဆိုင်ရာ တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များကို အာမခံထားပြီး အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ပေးထားလျှင် ဆန္ဒပြခွင့်ကို အလုပ်သမားဥပဒေ၌ ထည့်သွင်းစရာမလို။ အလိုလျောက် ရရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံ ၌ ၁၉၄၇ အခြေခံဥပဒေ နှင့် ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ အောက်တွင် အလုပ်သမားသမဂ္ဂများသည် ဆန္ဒပြခွင့် အပြည့်အဝရခဲ့သည်။ ယခုဥပဒေ၌ ဆန္ဒပြခွင့်ကို ဖော်ပြထားခြင်းမှာ ဆန္ဒပြမှုများကို ထိမ်းချုပ်ရန်ဖြစ်သည်။

(စ) ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂဥပဒေ အရ အလုပ်သမားသမဂ္ဂများကို တရားမစွဲရန် ကာကွယ် ပြဋ္ဌာန်းချက်များ ပါသော်လည်း ယခုဥပဒေ၌ မပါရှိ။

၃။ သက်ဆိုင်ရာ နိုင်ငံအတွင်း၌ အလုပ်သမားများ လွတ်လပ်စွာ စည်းရုံးခွင့် စုဝေးခွင့် ဖွဲ့စည်းခွင့်ကို ထိပါးစေသည့် အခြားတည်ဆဲ ဥပဒေများရှိလျှင် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်၏ နိုင်ငံတကာ သဘောတူညီချက် အမှတ် ၈၇ အရ ပုဒ်မ (၈) ပုဒ်ခွဲ (၂) အရ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် အနေဖြင့် ထောက်ပြရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ အောက်ပါ တည်ဆဲဥပဒေများသည် အလုပ်သမားများ အဆိုပါအခွင့်အရေးများ ကျင့်သုံးခွင့်မရစေရန် တိုက်ရိုက် ထိပါးလျက်ရှိသည်။

(က) ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်သည့် ဥပဒေ။

(ခ) ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ။

(ဂ) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄။

အလုပ်သမားများ လွတ်လပ်စွာ စည်းရုံးခွင့်၊ စုဝေးခွင့်၊ ဖွဲ့စည်းခွင့် ရနိုင်စေရေးအတွက် ယင်း ဥပဒေများအား ပြင်ဆင်ရန်၊ ဖျက်သိမ်းရန် ထောက်ပြ၊ ဝေဖန်၊ တောင်းဆိုခြင်းမပြုဘဲ စစ်အစိုးရ ယခုပြဋ္ဌာန်းလိုက်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေကို ထောက်ခံခြင်းအားဖြင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်အနေဖြင့် ယင်း၏တာဝန်ကို ပျက်ကွက်လျက် ရှိ မရှိ သုံးသပ်သင့်သည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
Email: blcsan@ksc.th.com, Website: www.blc-burma.orgP.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910, Email: blcsan@ksc.th.com, Website: www.blc-burma.org

# ၂၀၁၁ ခုနှစ် အလုပ်သမား အဖွဲ့အစည်း ဥပဒေ ကို ဆန်းစစ်သုံးသပ်ချက်

၁။ ကြံ့/ဖွံ့အစိုးရသစ်သည် အလုပ်သမား အဖွဲ့အစည်းဥပဒေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ –၂၄ အရ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ ပုဒ်မ – ၅၆ အရ ၁၉၂၆ ခုနှစ်၊ အလုပ်သမားသမဂ္ဂများအက်ဥပဒေကို ရုပ်သိမ်း၍ ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ သို့သော် တခြား အလုပ်သမားဆိုင်ရာ ဥပဒေများကိုကား လုံးဝ ရုပ်သိမ်းခြင်းမပြုသေးဘဲ တည်ဆဲဥပဒေအဖြစ် ဆက်လက်ထားရှိနေဆဲဖြစ်သည်။ တည်ဆဲ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေ နှင့် ဤဥပဒေတို့ ဆန့်ကျင် ကွဲလွဲလာလျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို နည်းဥပဒေ ပြဋ္ဌာန်းချက်များ မပါရှိပါ။

၂။ ဤဥပဒေ ပုဒ်မ – ၅၅ (က) တွင် အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပြီး ပုဒ်မ – ၅၅ (က) တွင် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြပါရှိသည်။ နည်းဥပဒေ လုံးဝမရှိသေးသည့်ကာလတွင် မူရင်း တည်ဆဲ အလုပ်သမားဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲနေသည့် အချက်များတွင် မည်သို့ ဤဥပဒေကို အကောင်အထည်ဖော်နိုင်ပါမည်နည်း။ ဥပဒေ၏ ကွဲလွဲ လွဲချော်မှုဒဏ်ကို အလုပ်သမားလူတန်းစား တရပ်လုံး ခံစားရပါမည်။

၃။ ဤဥပဒေအသစ် ပြဋ္ဌာန်းချက်တွင် ရုပ်သိမ်းလိုက်သည့် ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂများ အက်ဥပဒေလောက်မျှ လွတ်လပ်စွာဖွဲ့စည်းခွင့် မပါရှိလျှင် ၁၉၅၅ ခုနှစ်ကပင် မြန်မာနိုင်ငံအနေဖြင့် သဘောတူ လက်မှတ်ထိုးထားသည့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့် ကွန်ဗင်းရှင်း ၈၇ ကို ဖောက်ဖျက်ရာ ရောက်ပါမည်။ စုပေါင်းအရေးဆိုခွင့် ကွန်ဗင်းရှင်း ၉၈ အရ အလုပ်သမားများ စုပေါင်းပြီး တသံတည်းအဖြစ် လုပ်ခကိစ္စ၊ လုပ်ငန်းခွင် အခွင့်အရေးကိစ္စတွေမှာ တောင်းဆိုပိုင်ခွင့်ရှိပါသည်။ ယခုပြဋ္ဌာန်းလာသည့် ဥပဒေမှာ နိုင်ငံတကာ အလုပ်သမားဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီပါ၏လော၊ တည်ဆဲ ပြည်တွင်းအလုပ်သမားဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲမှု

ရှိ မရှိ၊ တခြားတည်ဆဲဥပဒေများအရ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ရနိုင်သည့် အခြေအနေ ရှိ မရှိ သုံးသပ်ရပါမည်။

၄။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းပိုင်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည့် တည်ဆဲဥပဒေများ ရှိနေသေးသည်။ အတည်ပြုထားသည်များကိုလည်း သတိမူရပါမည်။ ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှု အက်ဥပဒေ၊ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ၊ ၁၉၀၈ ခုနှစ် မတရားသင်း အက်ဥပဒေ၊ ၁၉၈၈ ခုနှစ် နဝတ ဥပဒေအမှတ် – ၆ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေများ တည်ဆဲဖြစ်နေသေးပါသည်။ ယခုဖော်ပြပါ ဥပဒေများအားလုံးကို ဖျက်သိမ်းပစ်ပါမှ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့် ရှိလာနိုင်ပါမည်။ တည်ဆဲဥပဒေများ၏ ကန့်သတ်ပိတ်ပင်ချက်များကို ရင်ဆိုင်ရမည့် လွတ်လပ်မှုမှာ တကယ်တန်း လွတ်လပ်မှုမဟုတ်ပါ။ သို့ဖြစ်ပါ၍ ယခုပြဋ္ဌာန်းလာသည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေမှာ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်မည့် ပြဋ္ဌာန်းချက်ဟူ၍ ထင်နိုင်စရာ ဥပဒေ အကြောင်းအချက် မပါရှိပါ။

၅။ ဤဥပဒေ ပုဒ်မ ၄၆ တွင် မည်သည့်အလုပ်သမားမျှ –

(က) အငြင်းပွားမှု တရပ်ရပ်အတွက် ဝါဏိဇ္ဇ ပဋိပက္ခမှု ဖြေရှင်းနေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ သပိတ်မှောက်ခြင်း မပြုရ။

(ခ) ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်သော ဥပဒေနှင့် ဆန့်ကျင်၍ သပိတ်မှောက်ခြင်း မပြုရ။

ဟုဖော်ပြထားရာ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက် (က) မှ (င) အထိ အားလုံးမှာ ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်း (သို့မဟုတ်) ဥပဒေနှင့်ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်သည်ဟု ပြဋ္ဌာန်းထားသဖြင့် အလုပ်သမားလှုပ်ရှားမှုများအားလုံးကို ပိတ်ပင်တားမြစ်ပြီး ထောင်ထဲထည့်ရန် ခြိမ်းခြောက်သည့် ဥပဒေပုဒ်မဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့ရပါသည်။

ပုဒ်မ ၄၁ တွင်လည်း ဥပဒေနှင့်ဆန့်ကျင်သော အလုပ်ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ တားဆီးနိုင်သည်ဟုလည်း ဖော်ပြချက်မှာ အသင်းအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်မှုကို အထက်အပိုဒ် ၄ တွင် ဖော်ပြထားသည့် မတရားဥပဒေများဖြင့် အရေးယူမည်ဟု ခြိမ်းခြောက်ထားခြင်းဖြစ်ပါသည်။

၆။ ဤဥပဒေ ပုဒ်မ ၃၅ (က) တွင် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်၍ မှတ်ပုံတင် အရာရှိချုပ်ထံ တင်ပြခြင်းဟု ဖော်ပြထားပြီး၊ ပုဒ်မ – ၃၄ တွင် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ကြောင်း မှတ်ပုံတင်အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်ဟု ဖော်ပြထားချက်မှာ မှတ်ပုံတင်ခြင်း

ကိစ္စ၏ သံသရာကို ရှည်စေပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် အထင်အရှားဖြစ်သည့် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ သခင်ဗဟိန်း နှင့် အထွေထွေအတွင်းရေးမှူး သခင်ဗတင် (သံတွဲ) တို့လည်း ကိုလိုနီ နယ်ချဲ့စနစ်အား ဆန့်ကျင်သည့် သဘောသဘာဝကြောင့် မည်သူ့ထံတွင်မျှ မှတ်ပုံမတင်ဘဲ ဖွဲ့စည်းလှုပ်ရှားခဲ့သည်များကို အတုယူသင့်ပါ သည်။

၇။ အလုပ်သမားအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်များကို ဖော်ပြထားသော ပုဒ်မများမှာ ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ လောက်မျှ ပြည့်စုံမှုမရှိသည်ကို တွေ့ရှိရပါသည်။ ၁၉၆၄ ဥပဒေမှာ အတည်ဖြစ်ဆဲဖြစ်ပါသည်။ တည်ဆဲဥပဒေ၏ အခွင့်အရေးများကို မြန်မာတနိုင်ငံလုံးရှိ အလုပ်သမားများ မခံစားရသဖြင့် လှိုင်သာယာစက်မှုဇုံ အလုပ်သမားသပိတ်မှောက်မှုများ၊ တိုင်ရီအလုပ်သမားများ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်ကို အလုပ်သမားလှုပ်ရှားမှုမှတ်တမ်းများအရ အထင်အရှားဖြစ်ပါသည်။ မဆလ ခေတ်ကရှိခဲ့သည့် လူမှုဖူလုံရေးအခွင့်အရေးများကို ယခုအစိုးရတာဖြစ်လဲ နဝတ၊ နအဖ စစ်အစိုးရခေတ်တွင် ဘာတခုမျှ မခံစားရသည်ကို တွေ့မြင်နိုင်ပါသည်။ ယခင်ရှိခဲ့သည့် ရန်ကုန်နှင့် သံလျင် က အလုပ်သမား ဆေးရုံကြီးများ၏ ပျက်စီးယိုယွင်းမှုများကို သတင်းမေးကြည့်ရုံမျှဖြင့် တွေ့မြင်နိုင်ပါသည်။

၈။ အလုပ်သမားအဖွဲ့ဥနအစည်းများ ဖွဲ့စည်းခြင်းအခန်း (၂) ပုဒ်မ ၄ (က) (ခ) (ဂ)(ဃ) (င) တွင်ဖော်ပြထားသော အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ အလုပ်သမားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ် သမားရေးရာအဖွဲ့များ ဆိုသည်မှာလည်း မဆလ ခေတ်က ပြည်သူ့အလုပ်သမားကောင်စီအဆင့်ဆင့် ဖွဲ့စည်းပုံနှင့် ဆင်တူသည်ကို မမေ့သင့်ပါ။ ၁၉၇၄ ခုနှစ်၊ ဇွန် (၆) အထွေထွေအလုပ်သမား သပိတ်တိုက်ပွဲကြီး က အလုပ်သမားကောင်စီ ဖျက်သိမ်းပေးရန် ဆန္ဒပြ တောင်းဆိုခဲ့သည့် သမိုင်းမှတ်တိုင်ကိုလည်း ပြန်လည်သတိရသင့်ပါသည်။

၉။ ဤဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော "မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များနှင့် အလုပ်သမားအဖွဲ့ချုပ်များ" ဆိုသည်မှာ အစိုးရ၏ အဖွဲ့အစည်းများသာ ဖြစ်နေရမည်ဖြစ်ပါသဖြင့် အလုပ်သမားသမဂ္ဂများတွင် လုပ်ပိုင်ခွင့် လုံးဝရရှိကြမည် မဟုတ်ပါ။ "ပြည်ပနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များနှင့်လည်း ပေါင်းစည်းဆက်သွယ် ဆောင်ရွက်နိုင်သည်" ဟု ဖော်ပြချက်မှာလည်း အစိုးရ၏ အဖွဲ့အစည်းကသာ လုပ်နိုင်သည်ဟု ဖော်ပြချက်ကို ဆိုလိုကြောင်း တွေ့ရှိရပါသည်။

ပြည်ပနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များထံသို့ ပြည်တွင်းက အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများကို ဖုံးကွယ်ပြီး၊ မတရားမှုများအတွက် အပြည်ပြည်ဆိုင်ရာမှ ပါဝင်ကူညီဆောင်ရွက်ပိုင်ခွင့်ကို တားဆည်းပိတ်ပင်နိုင်ရန် ပြဋ္ဌာန်းလာသည့် ရည်ရွယ်ချက် အပြည့်အဝပါရှိသည်ဟု ယူဆနိုင်ပါသည်။

၁၀။ သို့ဖြစ်ပါ၍ အလုပ်သမားများ၏ အခွင့်အရေး၊ လူမှုဖူလုံရေး၊ လူမှုဘဝမြှင့်တင်ပေးရေး အတွက် မည့်သည့်အချက်အလက် ဖော်ပြချက်မှ မပါရှိသည့် ဤအလုပ်သမားအဖွဲ့ အစည်း ဥပဒေသည် အလုပ်သမားလူတန်းစားကို ဖိနှိပ်ချုပ်ချယ်ပြီး၊ ထုန္ကက်မည့် တင်းပုတ်ကြီးတခုအသွင် ဖြစ်နေခြင်းကြောင့် ဆန့်ကျင်ကန့်ကွက်ရန်လိုအပ်ပြီး တဆက်တည်း ဖျက်သိမ်းသင့်ကြောင်းကို လည်း ဆန်းစစ်သုံးသပ် တင်ပြအပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်။

# လွတ်ငြိမ်းချမ်းသာခွင့်နှင့် နိုင်ငံတော်သမ္မတအာဏာ

*စောကျော်ကျော်မင်း (၄.၁၁.၂၀၁၁)*

## ၁။ လွတ်ငြိမ်းချမ်းသာခွင့်

လွတ်ငြိမ်းချမ်းသာခွင့်ဆိုသည်မှာ ဥပဒေစကားရပ်ဖြစ်သည်။ နိုင်ငံတနိုင်ငံ၏ အာဏာမဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များအနက်၊ အုပ်ချုပ်ရေးသို့ အပ်နှင်းထားသည့် အာဏာဖြစ်သည်။ နိုင်ငံတနိုင်ငံ၏ တရားစီရင်ရေးမှ ပြစ်မှုကျူးလွန်သည့် နိုင်ငံသားတဦးဦးကို အပြစ်ရှိကြောင်း စီရင်ချက် အမိန့်ချမှတ် ပြစ်ဒဏ်စီရင်ထားခြင်းကို အုပ်ချုပ်ရေးမှ ပယ်ဖျက်ခြင်းအားဖြင့် ပြန်လည်လွှပ်လပ်ခွင့်ပေးခြင်းဖြစ်သည့်အပြင် အဆိုပါပြစ်မှုကျူးလွန်ခဲ့သူကိုလည်း အပြစ်မဲ့သူအဖြစ် အသိအမှတ်ပြုပေး လိုက်ခြင်းပင်ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့်ဆိုသည့်စကားရပ်သည် အပြစ်ရှိခြင်းနှင့် အပြစ်မဲ့ခြင်းဆိုသည့် ဥပဒေ အယူအဆထက် စာလျှင် ချွင်းချက်မရှိ ခွင့်လွှတ်ခြင်းဆိုသည့် သဘောသက်ရောက်သည်။ ဥပဒေစကားရပ်တွင် Pardon ဆိုသည့်စကားရပ်နှင့် Amnesty ဆိုသည့်စကား ရပ်များရှိသည်။ Pardon ဆိုသည်မှာ အပြစ်မှလွှတ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။ ယင်းသို့အပြစ်လွှတ်ခြင်းသည် ခွင့်လွှတ်သည့်အနေဖြင့် အပြစ်လွှတ်ခြင်းဖြစ်သည်။

Amnesia သည် Amnesty လွတ်ငြိမ်းချမ်းသာခွင့်ဆိုသည့် စကားရပ်၏ အရင်းအမြစ်ဖြစ်သည်။ Amnesia သည် Loss of memory မှတ် ဉာဏ်ကုန်ဆုံးခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် Amnesty ဆိုသည့် လွှတ်ငြိမ်းချမ်းသာခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရပါလျှင် အကြောင်းအရာ ကိစ္စတရပ်ရပ်ကြောင့် အပြစ်ပေးအရေးယူခံနေရခြင်းကို ချွင်းချက်မရှိ ခွင့်လွှတ်လျက် အပြစ်မဲ့သူအဖြစ် လွှတ်လပ်ခွင့်ပေးခြင်းဟု အဓိပ္ပာယ်ဖွင့် ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် တချို့သော အရေးကြီးသည့်ကိစ္စရပ်များတွင် အုပ်ချုပ်ရေးသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ဥပဒေကြောင်းအရ ပြစ်မှုထင်ရှား ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသည့်တိုင်အောင် လိုအပ်ချက်များအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမျိုးလည်းရှိသည်။ ယင်းသို့သော

ကိစ္စရပ်များကို အုပ်ချုပ်ရေးက၊ တရားစီရင်ရေးသို့ ဝင်ရောက်စွက်ဖက်လွှမ်းမိုးသည်ဟု မှတ်ယူရန် ဆိုခြင်းထက် အာဏာသုံးရပ် အကန့်အသတ်ဖြင့် ခွဲခြမ်းစိတ်ပိုင်းထားခြင်းထဲမှနေ၍ အုပ်ချုပ်ရေး သည် မိမိလုပ်ပိုင်ခွင့်ဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရန်သာဖြစ် သည်။ ရှေးယခင်က စစ်များပြီးဆုံးသည့် အချိန်များတွင်သော်လည်းကောင်း၊ တော်လှန်ရေးများ ပြီးဆုံးသည့် အချိန်ကာလများတွင်သော်လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးလေ့ ရှိကြသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရေးသည် အရေးကြီး သည့် လိုအပ်ချက်ဖြစ်သည့်အတွက် ထိုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြစ်ပေသည်။

ရှေးခေတ် ဂရိနိုင်ငံများတွင် စပါတာသည် အေသင်မြို့ကို တိုက်ခိုက်အောင်မြင်ပြီးသည့် နောက်ပိုင်း လူနည်းစုအုပ်ချုပ်ရေးအဖွဲ့ (oligarc hical governing body) ဖွဲ့စည်း၍ အုပ် ချုပ်စေခဲ့သည်။ ယင်းအုပ်ချုပ်ရေးအဖွဲ့အောက်တွင် များစွာသော အေသင်ပြည်သူများ ကွပ် မျက်သတ်ဖြတ်ခြင်းခံခဲ့ရသည့်အပြင်၊ လူ့အခွင့်အရေးချိုးဖောက်မှုများစွာလည်း ရှိခဲ့သည်။ ယင်း အုပ်ချုပ်ရေးအဖွဲ့ကို အေသင် စစ်ဗိုလ်ချုပ်ကြီး Thrasybulus (BC - 441 မှ BC - 338) က ပြန်လည်တိုက်ခိုက်အောင်မြင်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်အောင်မြင်သောအခါတွင် Thrasybulus ပထမဆုံးပြဋ္ဌာန်းလိုက်သည့်ဥပဒေမှာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေဖြစ်ပြီး အဆို ပါအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သူအများစုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ထင် ရှားသည့်အချက်မှာ ဥပဒေအရ အပြစ်ရှိခြင်း၊ အပြစ်မဲ့ခြင်းဆိုခြင်းထက် အေသင်နှင့် စပါတာ ပြန်လည်သင့်မြတ်ရေးအတွက် အရေးတကြီးလိုအပ်ချက်ဖြစ်ခြင်းကြောင့် လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။

## ၂။ အာဏာရှင်များကျင့်သုံးသည့် လွတ်ငြိမ်းချမ်းသာခွင့်

မြန်မာနိုင်ငံတွင် နဝတ၊ နအဖ တက်လာပြီးသည့်နောက်ပိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပေး ခဲ့သည့်အကြိမ်ပေါင်း (၁၄) ကြိမ်ရှိခဲ့ပြီး၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် အကျဉ်းသားဦးရေပေါင်း ၁၁၇၈၃၆ ဦးရှိခဲ့သည်။ ယင်းတို့အထဲတွင် နိုင်ငံရေးအကျဉ်းသားဦးရေ ၅၈၉ ဦး ပါဝင်ခဲ့သည်။

ပြစ်ဒဏ်ကျခံရသူတဦးတယောက်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ တနည်းအားဖြင့် ခွင့်လွှတ်ခြင်းဆိုသည်မှာ လွန်စွာကောင်းမွန်ပေသည်။ သို့ရာတွင် အခြားတဖက်၌ ပြစ်မှုများကို ဆက်တိုက် ကျူးလွန်လေ့ရှိသူ သို့တည်းမဟုတ် လွတ်လပ်ခွင့်ပေးလိုက်ပါက လူ့ဘောင် လူ့အဖွဲ့ အစည်း အေးချမ်းသာယာရေးကို တနည်းနည်းဖြင့် အနှောင့်အယှက်ပေးမည့်သူများကို လွတ် ငြိမ်းခွင့်ပေးလိုက်မိပါက လူ့လောကအတွက် အလွန်အန္တရာယ်များသည့်အဖြစ်သို့ ရောက်ကြ ရပေလိမ့်မည်။ ထို့ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် အဖက်ဖက်မှ စဉ်းစားချင့်ချိန်ကြရ မည်ဖြစ်သည်။

နဝတ နှင့် နအဖ လက်ထက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အကြိမ်ပေါင်း (၁၄)

ကြိမ်တွင် အကျဉ်းသားဦးရေ ၁၇၃၈၆ ဦး ကို လွှတ်ပေးလိုက်သည့်အနက် နိုင်ငံရေးအကျဉ်းသား ၅၈၉ ဦးသာပါဝင်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားဆိုသည့်စကားရပ်ကို ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက ယုံကြည်ချက်ကြောင့် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ရင်း ပြစ်ဒဏ်ချမှတ်ခြင်းခံရသူဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ ပြစ်ဒဏ်ချမှတ်ခံရခြင်းသည် ပျက်စီးလိုသော လုပ်ဆောင်ချက်များကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းမဟုတ်သကဲ့သို့ နိုင်ငံရေးအကျဉ်းသားများဘက်က ပြန်လှန်စဉ်းစားကြည့်ပါကလည်း ပြစ်မှုကျူးလွန်လိုသော ရည်ရွယ်ချက်ကြောင့် မဟုတ်ဘဲ နိုင်ငံရေးအယူအဆအရ တိုင်းပြည်နှင့်လူမျိုး ကောင်းရာကောင်းကျိုးကို ရည်ရွယ်လုပ်ဆောင်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ပေသည်။ ထို့ကြောင့်လွှတ်ငြိမ်းချမ်းသာခွင့်ပေးသည်ဆိုခြင်းမှာ နိုင်ငံရေးအကျဉ်းသားများကို ပထမ ဦးစားပေးအဆင့်တွင် ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။

ရှေးယခင်က စစ်ပွဲအပြီးကာလများ၊ တော်လှန်ရေးအပြီးကာလများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လွှတ်ငြိမ်းချမ်းသာခွင့် ပေးကြသည်ဆိုခြင်းမှာ လွှတ်ငြိမ်းချမ်းသာခွင့်ဟူသည် နိုင်ငံရေးဖြင့် တိုက်ရိုက် သက်ဆိုင်သည်ဟူ၍ သိမြင်ယူဆခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ယခုနောက်ပိုင်းကာလများတွင် ကိုလိုနီအစိုးရများ၊ အာဏာရှင်အစိုးရများကို တွန်းလှန်ကြရာတွင် လက်နက်စွဲကိုင် တွန်းလှန်ခြင်းများရှိသကဲ့သို့ ငြိမ်းချမ်းရေးနည်းဖြင့် တွန်းလှန်မှုများလည်း ရှိခဲ့ကြသည်။ ထို့နည်းတူ မြန်မာနိုင်ငံတွင်လည်း အာဏာရှင်ကို တွန်းလှန်တိုက်ခိုက်ရာတွင် ယင်းနည်းလမ်းနှစ်မျိုးစလုံး ပါဝင်ပေသည်။ မြန်မာ့အာဏာရှင်များအနေဖြင့်လည်း လွှတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို နိုင်ငံရေးကစားကွက်တခုသဖွယ် အသုံးချလုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့် လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းများတွင် ပြစ်မှုကျူးလွန်သည့် အကျဉ်းသားများကြားတွင် နိုင်ငံရေးအကျဉ်းသားအနည်းငယ်ကို ရောချ၍ လွှတ်ပေးခဲ့ကြခြင်းဖြစ်သည်။

ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရတက်လာပြီးသည့်နောက်ပိုင်း ၂၀၁၁ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ညာချက်အမှတ် – ၂၈/၂၀၁၁ ကို ထုတ်ပြန်၍ သေဒဏ်ချမှတ်ခံထားရသူများကို ထောင်ဒဏ်တသက်သို့လည်းကောင်း၊ ထောင်ဒဏ်ချမှတ်ခံထားရသူများကို ချမှတ်ပြစ်ဒဏ်မှ တနှစ်လျှော့ပေါ့ပေးခြင်းဖြင့်လည်းကောင်း သမ္မတ၏ လွှတ်ငြိမ်း ချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ လွှတ်ရက်နီးသည့်အကျဉ်းသားပေါင်း ၁၄၇၈၅ ဦး ပြန်လည်လွှတ်မြောက်လာခဲ့သည့်အထဲတွင် နိုင်ငံရေးအကျဉ်းသား (၃၆) ဦးသာ ပါဝင်ခဲ့သည်။

မြန်မာ့နိုင်ငံရေး၏ အဓိကပြဿနာတရပ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရန်ဖြစ်သည်။ ယင်းသို့ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိနိုင်ရန်အတွက်ဆိုလျှင် ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် လိုအပ်သည်ဟု ပြည်တွင်း ပြည်ပ နိုင်ငံရေးအင်အားစုများအပြင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ တောင်းဆိုလာခဲ့ကြသည်။ ထို့ပြင် ၂၆.၈.၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော်တွင် ဦးသိန်းညွန့် တင်သွင်းသည့် လွှတ်ငြိမ်းချမ်းသာခွင့်အဆိုကို ကန့်ကွက်သူမရှိသဖြင့် နိုင်ငံတော်သမ္မတထံသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

## ၃။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သည့်အာဏာ

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အာဏာကို နိုင်ငံတော်သမ္မတ၌ အပြည့်အဝအပ်နှင်းထားကြောင်း တွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၆၀ တွင် ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့်ပေးနိုင်သော အခွင့်အရေးသည် နိုင်ငံတော်သမ္မတ၌ တည်ရှိရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်မူ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို နိုင်ငံတော်ကောင်စီသို့ အာဏာအပ်နှင်းထားသည်။ နိုင်ငံတော်ကောင်စီ၏ ဥက္ကဋ္ဌ သည် နိုင်ငံတော်သမ္မတဖြစ်၍ နိုင်ငံတော်သမ္မတ၏ သက်တမ်းသည် နိုင်ငံတော်ကောင်စီ၏ သက်တမ်းနှင့် အညီဖြစ်သည်။ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ – ၇၂ ပုဒ်မခွဲ (ဏ) တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို နိုင်ငံတော်ကောင်စီ၏ တာဝန် အဖြစ် အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၂၀၄ တွင်မူ ပုဒ်မခွဲ (က) ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ (ခ) တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ကြည့်ပါက ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို နိုင်ငံတော်သမ္မတ တဦးတည်းလက်ဝယ်သို့လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ကောင်စီလက်ဝယ်သို့လည်းကောင်း၊ ၂၀၀၈ အခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လက်ဝယ်သို့လည်း ကောင်း အပ်နှင်းထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ – ၂၀၄ (က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးနိုင်ခြင်းကို Pardon ဟူ၍သုံးနှုန်းခြင်းဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ခ) လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို Amnesty ဟူ၍ သုံးနှုန်းခြင်းဖြင့်လည်းကောင်း ပြဋ္ဌာန်းထားသည်။ ယင်းအာဏာနှစ်ရပ်စလုံးသည် နိုင်ငံတော်သမ္မတ၏ လက်ဝယ်တွင်ရှိသည်။ သို့ရာတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကိုမူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူထောက်ခံချက်ဖြင့်သာ ကျင့်သုံးရမည်ဖြစ်ပေသည်။

## ၄။ အခြားဥပဒေပြဋ္ဌာန်းချက်များဖြင့် လွတ်ငြိမ်းခွင့်ပေးနိုင်ခြင်း

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ – ၄၀၁ (၁) ပြဋ္ဌာန်းချက်တွင် ပြစ်မှုတစုံတရာအတွက် တဦးတယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက် တခုခု ထား၍ဖြစ်စေ၊ ၎င်းအပေါ်ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ၎င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး သို့မဟုတ် အစိတ်အပိုင်းတစုံတရာကို လွတ်ငြိမ်းချမ်း

သာခွင့် ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ – ၄၀၁ (၁) ဖြင့် လွတ်ငြိမ်းရသည့် နိုင်ငံရေးအကျဉ်းသားများကြားတွင် ၄၀၁ (၁) သည် ကြွေးကျန်ပုဒ်မ ဖြစ်သည်ဟု အသိများပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်ကို ကြည့်ခြင်းအားဖြင့် လွတ်ငြိမ်း csfo mcGh ao mpu m;&yf jypf% q lfi jei f (Suspension of Sentence)၊ ပြစ်ဒဏ်ရွှေ့ဆိုင်းခြင်း (Respite)၊ ပြစ်ဒဏ်လျှော့ပေါ့ခြင်း (Remission)၊ သက်ညှာခြင်း (Clemency) စသည့် စကားရပ်များလည်း ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

## ၅။ နိုင်ငံရေးအကျဉ်းသားများနှင့် လွတ်ငြိမ်းချမ်းသာခွင့်

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် လိုလားလုပ်ဆောင်ကြမည်ဆိုပါက နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် လိုအပ်ပေသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့တွင် ဒုတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးမကောင်းသူများနှင့် ကိုယ်လက်အင်္ဂါ ချို့တဲ့သူများအပါအဝင် ထိုက်သင့်သော ပြစ်ဒဏ်ကျခံခဲ့ရပြီး စည်းကမ်းနှင့်အညီ နေထိုင်ခဲ့သော အကျဉ်းသား (၆၃၅၉) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်ဟု ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်ပေးသူများထဲတွင် ကိုဇာဂနာ အပါအဝင် နိုင်ငံရေးအကျဉ်းသားပေါင်း နှစ်ရာကျော် ပါဝင်ခဲ့သည်။

နိုင်ငံတော်သမ္မတတွင် လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့၏ သဘောတူညီထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အခွင့်အာဏာများရှိပေသည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဟူသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်လည်းဖြစ်လျက်ရှိသည်။ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် လိုလားလုပ်ဆောင်မည်ဆိုပါက နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် မှန်ကန်ကောင်းမွန်သည့် ပထမခြေလှမ်းရပ်ဖြစ်သကဲ့သို့ ယင်းခြေလှမ်းရပ်မှသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးကို ဆထက်တိုး၍ ဆင့်ပွား လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။


### ကိုးကား

- http:\\www.wisegeek.com\what-is-amnesty.htm
- http:\\www.weeklyeleven.com\ index.php?option=com_ content&view= article&id= 10249:---pardon---amnesty-----&catid=42:2009-11-10-07-36-59&Itemid=112
- တပိုင်းတစလွတ်ငြိမ်းချမ်းသာခွင့်၊ ငြိမ်းချမ်းရေးကမ်းလှမ်းချက်၊ တွေ့ဆုံဆွေးနွေးမှုများ – နိုင်ကျော်

## စာစောင်မှာယူခြင်း

သို့

တာဝန်ခံ

ရုံးအဖွဲ့

မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

လက်မှတ် _ _ _ _ _ _ _ _ _ _ _ _ _ _ _

အမည် _ _ _ _ _ _ _ _ _ _ _ _ _ _ _

ရက်စွဲ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

မှာယူလိုသည့်စာအုပ်အရေအတွက် ( _ _ _ )အုပ်။

ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –

အမှတ်စဉ် ( _ _ _ )၊ အုပ်ရေ ( _ _ _ ) အုပ်။

စာအုပ်ပေးပို့ရမည့်လိပ်စာ

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

ဤအမှာစာကို

Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။

# မြန်မာနိုင်ငံရှေ့နေများကောင်စီ
# Burma Lawyers' Council

**EVERYONE IS EQUAL BEFORE THE LAW.**

Wisdom is power to transform the society into
a just, free, peaceful and developed one.

## Mission Statement

"By vigorously opposing all unjust and oppressive laws, and by helping restore the principle of the Rule of Law, the Burma Lawyers Council aims to contribute to the transformation of Burma where all the citizens enjoy the equal protection of law under the democratic federal constitution which will guarantee fundamentals of human rights."

## The Status of Organization

The Burma Lawyers' Council is an independent organization which was formed in a liberated area of Burma in 1994. It is neither aligned nor is it under the authority of any political organization. Individual lawyers and legal academics have joined together of their own free will to form this organization.

## Objectives of the BLC

- Promote and assist in the educating, implementing, restoring and improving basic human rights, democratic rights, and the rule of law in Burma;
- Assist in drafting and implementing a constitution for Burma, and in associated matters of legal education; and
- Participate and cooperate in the emergence of a Civil Society in Burma.

**Burma Lawyers' Council**
**P.O Box 144 Mae Sod, Tak, 63110 Thailand**
**Email: blcsan@ksc.th.com, Website: www.blc-burma.org**